ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ဒုတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး**

ပဉ္စမနေ့မှတ်တမ်း

**၁၃၇၈ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၈ရက်**

**( ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ ၂၂ရက် )**

**[အင်္ဂါနေ့]**

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး ပဉ္စမနေ့ အစီအစဉ်ကို ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် မန်းဝင်းခိုင်သန်း က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးကြည်မင်း၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန် အစည်းအဝေးရဲ့ ပဉ္စမနေ့ အစီအစဉ် စတင်ပါတော့မယ်ခင်ဗျား။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အချိန်၊ ၁၀း၀၀။**

**ဥက္ကဋ္ဌ။** ။ အားလုံး မင်္ဂလာပါ။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၃။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး ပဉ္စမနေ့မှာ လွှတ်တော်အခွင့်အရေး ကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၂၁)ဦးရှိပြီး ဒီနေ့ အစည်းအဝေးကို (၂၀၀)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေ စုစုပေါင်းရဲ့ (၉၀.၅)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန်လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် ၂၀၁၂ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၂၄ နဲ့ ၂၈ တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၀း၀၃။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄ အရ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန် အစည်းအဝေးရဲ့ ပဉ္စမနေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင် ဖြန့်ဝေ ထားပြီးဖြစ်ပါတယ်။ အဲဒီ အစီအစဉ်အတိုင်း ကျင်းပပါမယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၄။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၄)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ (က)အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော် ကိုယ်စားလှယ်တစ်ဦးကသော်လည်းကောင်း ခွင့်ပန်ကြားရမှာ ဖြစ်ပါတယ်။

ဒီကနေ့ အစည်းအဝေး မတက်ရောက်နိုင်တဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ရှိလျှင် ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၄။**

**ဦးမောင်မောင်လတ်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)။** ။ လေးစားရ ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် အမျိုးသား လွှတ်တော် တတိယပုံမှန်အစည်းအဝေး ပဉ္စမနေ့ ၂၂-၁၁-၂၀၁၆ ရက်နေ့တွင် အစည်းအဝေးသို့

တက်ရောက်နိုင်ခြင်းမရှိသော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များကိုယ်စား မကွေးတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ အဖွဲ့ဝင်ဖြစ်သူ ကျွန်တော် ဦးမြမင်းဆွေ က ခွင့်ပန်ကြားသွားမှာ ဖြစ်ပါတယ်။

ယနေ့ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များမှာ ဒေါ်နန်းနီနီအေး၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါက်တာစိုင်းဆိုင်ကျောက်ဆမ်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးခင်မောင်ဝင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)၊ ကျန်းမာရေး။ ဒေါ်မြတ်သီတာထွန်း၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါ်ရှားမူ၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)၊ ပြည်နယ်အလုပ်အမှုဆောင်အစည်းအဝေး။ ဦးကျော်သန်း၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစောယှားဖောင်အွာ၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဇော်မင်းလတ်(ခ)ဦးကိုလတ်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်နှင့် ဦးစောဘီစံသိန်းမြင့်၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)၊ မိခင်နာရေးကိစ္စတို့ပဲ ဖြစ်ပါတယ်။

ယခင်က ခွင့်ပန်ကြားသဖြင့် လွှတ်တော်က ခွင့်ပြုထားသူ(၁၂)ဦးနှင့် ယနေ့ ခွင့်ပန်ကြားသူ (၉)ဦးဖြစ်ပြီး စုစုပေါင်းခွင့်ပန်ကြားသူ(၂၁)ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်းနှင့် ယနေ့ ခွင့်ပန်ကြားသူ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များကို လွှတ်တော်က ခွင့်အဖြစ် သတ်မှတ် ခွင့်ပြုပေးနိုင်ပါရန် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးအား လေးစားစွာဖြင့် တင်ပြအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ။** ။ ယခု ခွင့်ပန်ကြားချက်များကိုခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး ပဉ္စမနေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေမှာ (၂၂၁)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၁၂)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၉)ဦးဖြစ်၍၊ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ (၂၁)ဦးဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

၂၀၁၅ ခုနှစ်၊အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(ဂ)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။လွှတ်တော်ကအတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအစည်းအဝေးတက်ရောက်မှုအခြေအနေကို အမျိုးသားလွှတ်တော်က အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။(သြဘာသံများ)

**ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များကမေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်က ဖြေကြားခြင်း**

**အချိန်၊ ၁၀း၀၈။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၅)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့မေးခွန်းတွေကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ယခု လွှတ်တော်ကိုယ်စားလှယ်ခြောက်ဦး မေးမြန်းသည့် မေးခွန်းများသည် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး တစ်ဦးတည်းက ဖြေကြားမည့် မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ပြည်ထောင်စုဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**လယ်ယာမြေကို အခြားနည်းဖြင့် အသုံးပြုရန် ခွင့်ပြုမိန့် မရရှိသေးဘဲ ဓာတ်ဆီဆိုင် ဆောက်လုပ်ခြင်းနှင့်အဆိုပါ လယ်မြေဧကများအတွက် ၂၀၁၆ ခုနှစ်တွင် စိုက်ပျိုးစရိတ်ချေးငွေ ထုတ်ယူထားခြင်း ရှိ/မရှိတို့ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၀၈။**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးမင်းဦး က လယ်ယာမြေကို အခြားနည်းဖြင့်အသုံးပြုရန် ခွင့်ပြုမိန့် မရရှိသေးဘဲ ဓာတ်ဆီဆိုင် ဆောက်လုပ်ခြင်းနှင့် အဆိုပါ လယ်မြေဧကများအတွက် ၂၀၁၆ ခုနှစ်တွင် စိုက်ပျိုးစရိတ်ချေးငွေ ထုတ်ယူထားခြင်း ရှိ/မရှိ တို့ကို သိရှိလိုခြင်းနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၉။**

**ဦးမင်းဦး၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)**။ ။ လေးစားအပ်ပါတဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော့်အနေနဲ့ လယ်ယာမြေကို အခြားနည်းဖြင့် အသုံးပြုရန် ခွင့်ပြုမိန့် မရရှိသေးဘဲ

ခာတ်ဆီဆိုင်ဆောက်လုပ်ခြင်းနှင့် အဆိုပါလယ်မြေဧကများအတွက် ၂၀၁၆ ခုနှစ်တွင် စိုက်ပျိုးစရိတ်ချေးငွေ ထုတ်ယူထားခြင်း ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်းကို အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်း သွားမှာဖြစ်ပါတယ်။ လေးစားအပ်ပါတဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်၏ မဲဆန္ဒနယ်ဖြစ်တဲ့ ပဲခူးတိုင်း ဒေသကြီး၊ အုတ်တွင်းမြို့နယ်၊ တင်းကုတ္တန်းကျေးရွာအုပ်စု၊ ရန်ကုန်-မန္တလေး(လမ်းဟောင်း)၏ အနောက် ဘက်ခြမ်း၊ ကွင်းအမှတ် ဒိုးတန်း-၂၉၅(ခ)၊ ဦးပိုင်အမှတ် (၆၇+၆၈/၂+၇၇/၃)ပေါ်မှာ လယ်မြေဧက (၇)ဧကခန့်ပေါ်မှာ ရာဇာမင်းကုမ္ပဏီက ၂၀၁၂ ခုနှစ်၊ လယ်ယာမြေ ဥပဒေပုဒ်မ ၃၀ (က)(ခ)တို့အရ ခွင့်ပြုမိန့်ရယူပြီး နည်းဥပဒေများနှင့်အညီ လိုက်နာဆောင်ရွက်ရမည်ဖြစ်သော်လည်း ထိုကဲ့သို့ ဆောင်ရွက် ထားခြင်းမရှိဘဲ စက်သုံးဆီဆိုင် ဆောက်လုပ်ရန် အခြားနည်းဖြင့် အသုံးပြု ဆောင်ရွက်ထားတာကို တွေ့ရှိရပါတယ်။

ထိုသို့ဆောင်ရွက်ရာတွင် လယ်ယာမြေများမှ မြေများကိုတူးယူပြီး မြေသားများပြုပြင်ခြင်း၊ ရေမြောင်းများတူးဖော်ခြင်းနှင့် မြေအောက်တွင် စက်သုံးဆီ သိုလှောင်ရန် တိုင်ကီများမြှုပ်နှံခြင်းတို့ကို ဆောင်ရွက်ထားပါတယ်။ ယခုအခါ အဆိုပါ လယ်ယာမြေများပေါ်တွင် နွေစပါး၊ မိုးစပါးနှင့် အခြား သီးနှံများ စိုက်ပျိုး၍ မရရှိခြင်းကြောင့် နိုင်ငံတော်၏ စိုက်ပျိုးသီးနှံ အထွက်တိုးရေးအတွက် လွန်စွာ နစ်နာရပါတယ်။ Power Point အသုံးပြုခွင့်ပြုပါ။ ဒါ ကျွန်တော်တို့ မြောင်းတူးပြီးတော့၊ မြေကာပြီး တော့ လမ်းသွားလမ်းလာများမမြင်အောင် အကာအကွယ်ယူပြီးတော့ ဆောက်ရွက်ထားတာပါ။ ဒါ ကျွန်တော်တို့ မြောင်းတူးပြီးတော့ လမ်းမကြီးကသွားတဲ့လူတွေ မမြင်အောင် မြေကြီးပုံပြီးတော့ အကာ အကွယ်ယူထားတာပါ။ ဒါ ရန်ကုန်-မန္တလေး အမြန်လမ်းမဟောင်းကြီးပါ။ ဒါ အုတ်တွေ၊ ကျောက်တွေ ပုံထားတာပါ။ ဒါ ကျောက်တွေ၊ သဲတွေ ပုံထားတာပါ။ ဒါ အုတ်တွေ၊ သံချောင်းတွေပါ။ ဒါ ဘိလပ်မြေ တွေ ပုံထားတာပါ။ ဒါ Ground Tank ဆောက်လုပ်ထားတဲ့နေရာ ကျွန်တော်တို့ကိုယ်တိုင် ကွင်းဆင်း ပြီးတော့ ကြည့်ခဲ့တာပါ။

လေးစားအပ်ပါတဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ Power Point ပုံပါအတိုင်းပါပဲ။ သို့ဖြစ်ပါ၍ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးကနေတစ်ဆင့် မေးမြန်းလိုတာကတော့ ၂၀၁၂ ခုနှစ်၊ လယ်ယာမြေဥပဒေနဲ့အညီ သတ်မှတ် ပြဋ္ဌာန်းထားသော နည်းလမ်းများအတိုင်း လိုက်နာဆောင်ရွက် ခဲ့ခြင်းမရှိသော ရာဇာမင်းကုမ္ပဏီနှင့် စပ်လျဉ်း၍ အောက်ပါမေးခွန်း (၂)ခုကို မေးမြန်းလိုပါတယ်။

(က) လယ်ယာမြေကို အခြားနည်းဖြင့် အသုံးပြုရန် ခွင့်ပြုမိန့်မရရှိသေးဘဲ ခာတ်ဆီဆိုင် ဆောက်လုပ်ခဲ့သော ရာဇာမင်းကုမ္ပဏီအား မည်ကဲ့သို့ အရေးယူဆောင်ရွက်ထားခြင်းနဲ့ စပ်လျဉ်းတဲ့ မေးခွန်း၊ (ခ) အဆိုပါလယ်မြေဧကများအတွက် ၂၀၁၆ ခုနှစ်တွင် စိုက်ပျိုးစရိတ်ချေးငွေထုတ်ယူထားခြင်း ရှိ/မရှိ သိရှိလိုသည့်အတွက် လေးစားစွာ တင်ပြ မေးမြန်းအပ်ပါတယ်ခင်ဗျား။ (သြဘာသံများ)

ဆီဆိုင် ဆောက်လုပ်ရန် ရေမြောင်းတူးဖော်၍ မြေကြီးများပုံကာ အကာအကွယ်ယူခြင်း မြင်ကွင်းပုံ (ဃ)



ဓာတ်ဆီဆိုင် ဆောက်လုပ်ရန် အုတ်နှင့်ကျောက်များ ချထားခြင်း မြင်ကွင်းပုံ (ဃ-၁)



မြေအောက် ဆီတိုင်ကီများ တည်ဆောက်ထားသည့် မြင်ကွင်းပုံ (ဃ-၂)



**ပူတာအို - (၁၄)မိုင် - နန့်တုံခူး - (၂၆)မိုင် - နမ်ဇယ် - (၂၀)မိုင် - လုံးနဒမ်း - (၄)မိုင် - ၀ဆန်ဒမ် - (၇)မိုင် - အ၀ပ်ဒမ်း - (၈)မိုင် စုစုပေါင်း (၇၉)မိုင်ကို (၁၈)ပေအကျယ် ကျောက်ခင်းလမ်းအဖြစ် ပူတာအိုမြို့နယ် အနောက်ဘက်ခြမ်း ပတ်လမ်းအား ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၂။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးဂျေယောဝူ က ပူတာအို - (၁၄)မိုင် - နန့်တုံခူး - (၂၆)မိုင် - နမ်ဇယ် - (၂၀)မိုင် - လုံးနဒမ်း - (၄)မိုင် - ၀ဆန်ဒမ် - (၇)မိုင် - အ၀ပ်ဒမ်း - (၈)မိုင် စုစုပေါင်း (၇၉)မိုင်ကို (၁၈)ပေအကျယ် ကျောက်ခင်းလမ်းအဖြစ် ပူတာအိုမြို့နယ် အနောက်ဘက်ခြမ်း ပတ်လမ်းအား ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၂။**

**ဦးဂျေယောဝူ၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)။** ။ အားလုံး မင်္ဂလာပါ။ လေးစား အပ်ပါသောဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဝန်ကြီး၊ လွှတ်တော်ကိုယ်စားလှယ်များနဲ့ ဧည့်သည်တော်ကြီး များခင်ဗျား။ ကျွန်တော်ကတော့ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှဦးဂျေယောဝူ ပဲ ဖြစ်ပါတယ် ခင်ဗျား။ ဥက္ကဋ္ဌကြီးခင်ဗျား။ မြေပြင်အခြေအနေအား Power Point အနည်းငယ် ပြသ၍ မေးမြန်းခွင့် ပြုပါရန် မေတ္တာရပ်ခံအပ်ပါတယ်ခင်ဗျား။ ကျွန်တော်တို့ ပူတာအိုခရိုင်ဟာဆိုရင် ပထဝီရေမြေ တောတောင် တည်နေရာ သဘာဝအရရော၊ ဝေးလံခေါင်ဖျားဒေသ၊ လမ်းပန်းဆက်သွယ်ရေးအရရော၊ လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေး အစစ အရာရာ ချောင်ပိတ်ခံရ၊ နောက်ကျကျန်ခဲ့သော အဖြူရောင် ငြိမ်းချမ်းတဲ့ဒေသလေးတစ်ခု ဖြစ်ပါတယ်ခင်ဗျား။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဤလမ်းမှာ ကျေးရွာ ချင်းဆက်လမ်းသာဖြစ်သည်ဟု ယူဆရသော်လည်း ပူတာအိုမြို့နယ် အနောက်ခြမ်း၌ နေထိုင်ကြကုန်သော ပြည်သူ(၄၀၀၀၀)ကျော် မှီခိုအားထားရသောလမ်း ဖြစ်ပါတယ်။ ရှေးယခင် အဆက်ဆက်သော အစိုးရများ

လက်ထက်များတွင်လည်း၊ အကြိမ်ကြိမ် တင်ပြတောင်းခံခဲ့သော်လည်း ပြည်ထောင်စုအဆင့်အထိ တစ်ခါမျှ မရောက်ရှိခဲ့ပါ။

ထို့ကြောင့် တောလမ်း၊ အမဲလိုက်လမ်းသာသာရှိသော်လည်း ယနေ့ထိ ခက်ခက်ခဲခဲ သွားလာ အသုံးပြုနေကြရတာဖြစ်ပါတယ်။ မိုးရာသီ အချိန်ကာလများဆိုလျှင် သက်စွန့်ဆံဖျား သွားလာနေကြရလို့ ရဟန်းရှင်လူ၊ ကျောင်းသူ၊ ကျောင်းသား၊ ပြည်သူလူထုများ အရေးပေါ်သွားလာကြချိန်၌ အသက်ဆုံးရှုံးမှု ပေါင်းလည်း မနည်းတော့ပါ။ ဤလမ်းသည် ဒေသခံပြည်သူတို့၏ လူမှုရေး၊ စီးပွားရေး၊ လုံခြုံရေး စားဝတ်နေရေးအတွက် အသက်တမျှ အရေးကြီးသည်သာမက ပူတာအိုမှ ရေခဲတောင်အထိ အနီးဆုံး သွားလာရာ ဒေသနှင့် ရေခဲမြစ် မုန်တိုင်ချောင်း ဖြတ်သန်းစီးဆင်းရာဒေသဖြစ်၍ Eco Tourismအတွက် အချက်အခြာကျသောလမ်းဖြစ်သောကြောင့် ပူတာအို-နန့်တုံခူး-နမ်ဇယ်-လုံးနဒမ်း-ဝဆန်ဒမ်-အဝပ်ဒမ်း-ဇီယာဒမ်း စုစုပေါင်း(၇၉)မိုင်ကို (၁၈)ပေ(၃x၁၂x၃)ကျောက်ခင်းလမ်းအဖြစ် ပူတာအိုမြို့နယ် အနောက်ဘက် ပတ်လမ်းအား ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြည်သူများကိုယ်စား လေးစားစွာ မေးမြန်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်ခင်ဗျား။ (ဩဘာသံများ)

ခက်ခဲစွာ သွားလာနေရသော မြင်ကွင်းပုံ (င)



ပူတာအိုမြို့နယ်၊ နမ်စေ အခြေခံပညာ မူလတန်းကျောင်း  မြင်ကွင်းပုံ (င-၁)




ခက်ခဲစွာ သွားလာနေရသော မြင်ကွင်းပုံ (င-၂)



**ပိုးစာပင်စိုက်ပျိုးရေး စီမံချက်အတွက် သိမ်းဆည်းထားသည့် ယာမြေဧကပေါင်းများစွာအား ပိုးစာစိုက်ပျိုးရေးစီမံချက် ဖျက်သိမ်းပြီးနောက်ပိုင်း မူလပိုင်ရှင်များထံ ပြန်လည်လွှဲအပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၅။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဒေါက်တာကျော်သန်းထွန်း(ကန်တုန်) က ပိုးစာပင်စိုက်ပျိုးရေး စီမံချက်အတွက် သိမ်းဆည်းထားသည့် ယာမြေဧကပေါင်းများစွာအား ပိုးစာစိုက်ပျိုးရေးစီမံချက် ဖျက်သိမ်းပြီးနောက်ပိုင်း မူလပိုင်ရှင်များထံ ပြန်လည်လွှဲအပ်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၅။**

**ဒေါက်တာကျော်သန်းထွန်း(ကန်တုန်)၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)။** ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့်တကွ အားလုံးမင်္ဂလာပါ။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာကျော်သန်းထွန်း(ကန်တုန်) ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ လွန်ခဲ့တဲ့ ဇွန်၊ ဇူလိုင်လပိုင်းက သိမ်းဆည်းခံယာမြေများနဲ့ မြေလွတ်မြေရိုင်းများကို ကွင်းဆင်းစာရင်းကောက်ယူဖို့ ပြင်ဦးလွင်မြို့နယ်၊ အုပ်ချုပ်ရေးမှူးအပါအဝင် ဌာနဆိုင်ရာများ မြေပြင်လက်တွေ့ ကွင်းဆင်းခဲ့ရာမှာ ကျွန်တော်လည်း ပါဝင်ခဲ့ပါတယ်။ ပြင်ဦးလွင်မြို့နယ်တစ်ခုလုံး မြေဧရိယာ ဧကပေါင်း (၄၈၈၉၇၅)ဧက၊ သစ်တောမြေဧက(၂၅၀၀၀၀)၊ မြေလွတ်မြေရိုင်းဧက (၂၅၀၀၀၀)နဲ့ ထွန်ယက်စိုက်ပျိုးမြေဧက (၁၅၀၀၀၀)ရှိကြောင်း မှတ်တမ်းအရ သိရှိရပါတယ်။ ယခင်က မြေပိုင်ဆိုင်ကြသူ ယာသမားများထံက ၁၉၉၅-၁၉၉၆ မှာ ပိုးချည်စီမံကိန်းအတွက် ပိုးစာစိုက်ပျိုးမြေ လုပ်ဆောင်ဖို့ ယာမြေများကို မြန်မာ့ဝါနှင့် ပိုးချည်လုပ်ငန်း၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနကြီးမှ သိမ်းယူခဲ့ပါတယ်။ မြေယာသိမ်းဆည်းခဲ့တဲ့ကာလ နှစ်ပေါင်း(၂၀)ကျော်လွန်ခဲ့ပြီးသော်လည်း ပိုးချည်စီမံကိန်း အကောင်အထည်ပေါ်မလာဘဲ မြန်မာ့ဝါနှင့် ပိုးချည်လုပ်ငန်းဌာနသည်ပင် ဌာနသီးခြားအဖြစ် မထားရှိတော့ကြောင်း သိရှိရပါတယ်။

ကွင်းဆင်းစစ်ဆေးချက်များအရ ပိုးစာစိုက်ပျိုးရေး အကြောင်းပြကာ ယာမြေများ ရယူထားသူများက အကွက်အလိုက် ခြံခတ်ကာ ရောင်းချခြင်း၊ နဂါးမောက်ပင်များ၊ ယူကလစ်ပင်များနှင့် အခြားသော အဆောက်အအုံများ ဆောက်ထားသည်တို့ကိုလည်း တွေ့ရှိရပါတယ်။ ပိုးချည်စီမံကိန်းကြီးနှင့် အနေအထားက လုံးဝပျက်ပြယ်သွားပြီး သိမ်းဆည်းယာမြေများလည်း အလဟဿ ဖြစ်နေတာတွေ့ရှိရပါတယ်။ ပိုးချည်စီမံကိန်း ပျက်ပြယ်သွားပြီးနောက် မြေယာများအပေါ် ခေါင်းစဉ်ပြောင်းလဲပြီး အသုံးမပြုဖို့ အရေးကြီးလှပါတယ်။ မြေပြင်လက်တွေ့ ကွင်းဆင်းခြင်းဟာ ဘယ်လိုပုဂ္ဂိုလ်မျိုး၊ မြေဘယ်နှစ်ဧက ရယူထားပြီး ဘာတွေလုပ်ဆောင်ထားတယ်ဆိုတာ စာရင်းအတိအကျ သိရှိခွင့်ရရှိခဲ့ပါတယ်။ ပိုးစာပင်စိုက်ပျိုးဖို့ အကြောင်းပြပြီး ကွက်စိတ်ရိုက်ကာ ရောင်းချခြင်းနဲ့ အံ့သြစရာကောင်းတာက ပြင်ဦးလွင် ဒိုးကွင်ဒေသမှာ ပိုးစာစံပြခြံမှမြေကို ပုဂ္ဂလိက မြေငှားစိုက်ပျိုးသူက ပိုးစာပင်တွေဖယ်ရှားပြီး ယူကလစ်ပင်တွေ စိုက်ပျိုးထားတာဟာ ဥပဒေမူဘောင်တို့နဲ့ ညီညွတ်မှု ရှိ/မရှိ သုံးသပ်ရန် ဖြစ်ပါတယ်။ အားလုံး ခြုံငုံသုံးသပ်ကြည့်ရင် ကြီးမားတဲ့ ပိုးချည်စီမံကိန်းကြီးအတွက် မူလမြေပိုင်ရှင် ယာသမားတွေ

မြေမဲ့ ယာမဲ့ ဖြစ်ခဲ့ကြရပြီး အလုပ်အကိုင်မဲ့ကာ စားဝတ်နေရေးအခက်အခဲတွေ တွေ့ကြုံခဲ့ရခြင်း၊ (၂) မြေမဲ့ ယာမဲ့ စားသောက်ရသူ ဘဝရဲ့ဦးတည်ချက် အခြေအနေမဲ့ကာ လူကုန်ကူးခြင်းဘဝ မရောက်စေဖို့ အလွန်အင်မတန် အရေးကြီးလှပါတယ်။

(၃) မြေလက်ဝယ် ပိုင်ဆိုင်ထားသူတို့က မြေကွက်စိတ်ရိုက်ပြီး နိုင်ငံခြားသားတို့ထံ အမြတ်ကြီးကြီးရောင်းစားခြင်းအားဖြင့် မြန်မာ့မြေ ပြင်ဦးလွင်ဒေသက အနေအထားဟာ နိုင်ငံခြားသားပိုင်ဘဝလုံးဝ ရောက်ရှိသွားနိုင်တဲ့အခြေအနေမှာ ရောက်ရှိနေပါတယ်။ (၄) အဆိုပါဒေသမှာ မြေဧကပေါင်းများစွာ အလဟဿဖြစ်နေခြင်း၊ ကုန်ထုတ်စွမ်းအား လုံးဝ ကျဆင်းစေခြင်းနဲ့ လူနေမှုဘဝ နိမ့်ကျဆုံးရှုံးသွားစေခြင်းတို့ကို တွေ့ကြုံနေရတာဖြစ်ပါတယ်။ သို့ပါ၍ ရလဒ်ဆိုးများကြောင့် ပိုးစာမြေ စီမံချက်ဖျက်သိမ်းပြီးနောက်ပိုင်း သိမ်းဆည်းခံ ယာမြေများ မူလပိုင်ရှင်များထံ ပြန်လည် လွှဲအပ်ပေးနိုင်ရန်အစီအစဉ် ရှိ/မရှိ မေးမြန်းရခြင်းဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။(သြဘာသံများ)

**တနင်္သာရီတိုင်းဒေသကြီး၊ ကော့သောင်းခရိုင်အတွင်းရှိ သိမ်းဆည်းခံခဲ့ရသည့်ဥယျာဉ်ခြံမြေများကို ဒေသခံများထံသို့ပြန်လည်ပေးအပ်ခြင်းသို့မဟုတ်နစ်နာကြေးပေးခြင်း၊ မြေမဲ့ယာမဲ့ဖြစ်လျက်ရှိသော ဒေသခံများနှင့် ရွှေ့ပြောင်းလုပ်သားများအတွက် မြေယာမျှဝေပေးနိုင်ခြင်း ရှိ/မရှိနှင့် ဆီအုန်းစိုက်ခင်းများကြောင့် ပြုန်းတီးသွားသော သစ်တောများအပြင် ၎င်းစိုက်ခင်းများအတွင်းရှိ စမ်းချောင်းများအား ဒေသခံများနှင့် ဆီအုန်းကုမ္ပဏီတို့ ပူးပေါင်း ထိန်းသိမ်းပြီး ကျေးရွာများအတွက် အားကစားကွင်း၊ စားကျက်မြေများ ဖန်တီးပေးနိုင်ခြင်း ရှိ/မရှိတို့နှင့် စပ်လျဉ်းသည့်မေးခွန်း**

**အချိန်၊ ၁၀း၁၈။**

**ဥက္ကဋ္ဌ။** ။ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါက်တာခင်မောင်ဝင်းက တနင်္သာရီတိုင်းဒေသကြီး၊ ကော့သောင်းခရိုင်အတွင်းရှိ သိမ်းဆည်းခံခဲ့ရသည့် ဥယျာဉ်ခြံမြေများကို ဒေသခံများထံသို့ ပြန်လည်ပေးအပ်ခြင်း သို့မဟုတ် နစ်နာကြေးပေးခြင်း၊ မြေမဲ့ ယာမဲ့ ဖြစ်လျက်ရှိသော ဒေသခံများနှင့် ရွှေ့ပြောင်းလုပ်သားများအတွက် မြေယာ မျှဝေပေးနိုင်ခြင်း ရှိ/မရှိနှင့် ဆီအုန်းစိုက်ခင်းများကြောင့် ပြုန်းတီးသွားသော သစ်တောများအပြင် ၎င်းစိုက်ခင်းများအတွင်းရှိ စမ်းချောင်းများအား ဒေသခံများနှင့် ဆီအုန်းကုမ္ပဏီတို့ ပူးပေါင်းထိန်းသိမ်းပြီး ကျေးရွာများအတွက် အားကစားကွင်း၊ စားကျက်မြေများ ဖန်တီးပေးနိုင်ခြင်း ရှိ/မရှိတို့နဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၉။**

**ဒေါက်တာခင်မောင်ဝင်း၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)။** ။ လေးစားအပ်သော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အပေါင်းနှင့် ပြည်ထောင်စုဝန်ကြီးများအားလုံးမင်္ဂလာပါခင်ဗျားလို့ ကျွန်တော် နှုတ်ခွန်းဆက်သလိုက်ပါတယ်။ ကျွန်တော်ကတော့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် မဲဆန္ဒနယ်အမှတ်(၁၁) တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့နယ်က ဒေါက်တာခင်မောင်ဝင်း ဖြစ်ပါတယ်ခင်ဗျား။ အထက်ပါမေးခွန်းများကို မေးမြန်းရခြင်းအကြောင်းအရင်းကို ကျွန်တော် ရှင်းလင်းပါမယ်။ ကျွန်တော်တို့ ကော့သောင်းခရိုင်ဟာ တစ်ချိန်က ရေလုပ်ငန်း၊ သစ်တောလုပ်ငန်း၊ နယ်စပ်ကုန်သွယ်ရေးလုပ်ငန်းများကြောင့် အထူးစည်ကားဖွံ့ဖြိုးတိုးတက်ခဲ့ပါတယ်။ ယခုအခါမှာ ရေသယံဇာတက ပြုန်းတီးနေပြီး၊ သစ်တောများလည်း ပြုန်းတီး

နေပြီး နယ်စပ်ကုန်သွယ်ရေးလည်း ကျဆင်းမှုကြောင့် နယ်ခံအများစုဟာ တစ်ဖက်နိုင်ငံကို သွားရောက် လုပ်ကိုင်ခြင်းဖြင့် မိသားစုဘဝရပ်တည်ရေးအတွက် ကြိုးစားနေကြရပါတယ်။ အင်မတန်ကို စီးပွားရေး ကျပ်တည်းသောဒေသ ဖြစ်ပါတယ်။ ယခုအခါ ပြည်သူ့အစိုးရလည်းတက်လာပြီး တိုင်းအစိုးရကလည်း ဆီအုန်းနဲ့ ရော်ဘာခြံလုပ်ငန်းကုမ္ပဏီများကို စိစစ်ရာ တကယ်စိုက်ပျိုးလုပ်ကိုင်နေသည်မှာ တစ်ဝက်ပင် မရှိပါ။ ပြုန်းတီးသွားပြီဖြစ်သော သစ်တောများကတော့ ဧကပေါင်းများစွာရှိပြီး ယနေ့ အစိုးရရဲ့ စီမံ ခန့်ခွဲရမယ့်မြေဧရိယာဟာဆိုရင် (၆၀၀၀၀၀)ဧကလောက်ရှိတယ်လို့ သိထားပါတယ်။ ဒေသခံပြည်သူ များဟာ စီးပွားရေးအလွန်ကျပ်တည်းနေသဖြင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေးလုပ်ငန်းများ လုပ်ကိုင်လို ကြသလို မြေမဲ့ ယာမဲ့ နေစရာမရှိသော ပြည်သူမြောက်မြားစွာ ရှိပါတယ်။ တစ်ဖက်နိုင်ငံတွင် စီးပွားရှာ လုပ်ကိုင်နေသူများမှာလည်း မိမိဒေသ ပြန်လည်အခြေချ လုပ်ကိုင်လိုကြပါပြီ။ အနယ်နယ်အရပ်ရပ်မှ လာရောက်လုပ်ကိုင်နေကြသော ရွှေ့ပြောင်းလုပ်သား၊ ဆီအုန်းခြံလုပ်သားများမှာလည်း ဆင်းရဲဒုက္ခ ရောက်ကာ ရရာအလုပ် လုပ်စားသော မြေမဲ့ ယာမဲ့ အများအပြားလည်း ရှိနေကြပါတယ်။ ဒါ့ကြောင့် နေစရာမြေကွက်ရရှိရေးအတွက်သော်လည်းကောင်း၊ စိုက်ပျိုးရန်မြေ ရရှိရေးအတွက်သော်လည်း ကောင်း ကျူးကျော်နေထိုင် ကြိုးပမ်းမှုများ၊ မြေယာပြဿနာများလည်း အမြဲပေါ်ပေါက်နေပါတယ်။ ဒါ့ကြောင့် ကျွန်တော်တို့ နိုင်ငံသူ၊ နိုင်ငံသားများရဲ့ စားဝတ်နေရေးပြဿနာများ ပြေလည်အောင် ဖြေရှင်းပေးရမည့်တာဝန်က ကျွန်တော်တို့အစိုးရမှာ တာဝန်ရှိပါတယ်။ ယခုအခါမှာ အသေးစား၊ အလတ်စား၊ စက်မှုလက်မှုလုပ်ငန်းများ ထွန်းကားလာစေရေးရဲ့ အခြေခံဟာလည်း တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေးလုပ်ကွက်ငယ်များကို ပြည်သူများကို ဖော်ဆောင်ပေးဖို့ လိုအပ်နေပါတယ်။

လေးစားအပ်သော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ သဘာဝသစ်တောပြုန်းတီးမှုကြောင့် တစ်ချိန်က နွေနွေ၊ မိုးမိုး တသွင်သွင်စီးဆင်းလျက်ရှိတဲ့ စမ်းချောင်းများဟာ နွေအခါမှာ ခမ်းခြောက် လျက်ရှိပြီး ဒီစမ်းချောင်းများဟာ ကျွန်တော်တို့ ပြည်သူတွေအတွက် အဓိကရေအရင်းအမြစ် ဖြစ်ပါတယ်။ နွေအခါ ရေရှားပါးပြီး သောက်သုံးရေ ပြတ်လပ်မှုဒဏ်ကို ပြည်သူများ ခံစားရနေသည်မှာ (၂)နှစ် ဆက်တိုက် ဖြစ်လာပါပြီ။ ဒါကြောင့် ဒီရေအရင်းအမြစ် စမ်းချောင်းများကို ကုမ္ပဏီများ၊ လုပ်ငန်းရှင်များ၊ ပြည်သူများ ပူးပေါင်းပြီး အားလုံး ထိန်းသိမ်းစောင့်ရှောက်ရန် လိုအပ်နေပါပြီ။

လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့နိုင်ငံမှာရှိတဲ့-------

**ဥက္ကဋ္ဌ**။ ။ အချိန်စေ့သွားပါပြီ။

**လယ်ယာမြေ လုပ်ပိုင်ခွင့်ပြုလက်မှတ်(ပုံစံ-၇) အသစ်အဟောင်းမခွဲခြားဘဲ လယ်သမားတိုင်း စိုက်ပျိုး စရိတ်ချေးငွေများ ရရှိစေရေးနှင့် စိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေးရာတွင်(ပုံစံ-၇)ပါ ဧကများအတိုင်း ချေးငွေများ အပြည့်အဝ ရရှိရေးအတွက် မည်သည့် အစီအစဉ်များ ချမှတ်ထားခြင်းကို သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၂၂။**

**ဥက္ကဋ္ဌ**။ ။ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးစိုးဝင်း က လယ်ယာမြေ လုပ်ပိုင်ခွင့်ပြုလက်မှတ်(ပုံစံ-၇) အသစ်အဟောင်းမခွဲခြားဘဲ လယ်သမားတိုင်း စိုက်ပျိုးစရိတ် ချေးငွေ များ ရရှိစေရေးနှင့် စိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေးရာတွင် (ပုံစံ-၇)ပါ ဧကများအတိုင်း ချေးငွေ

များ အပြည့်အဝ ရရှိရေးအတွက် မည်သည့်အစီအစဉ်များ ချမှတ်ထားခြင်းကို သိရှိလိုခြင်းနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၃။**

**ဦးစိုးဝင်း၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)**။ ။လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဝန်ကြီးများ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်ကြီးများနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေလို့ ဦးစွာပထမ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုးဝင်း ဖြစ်ပါတယ်။ ကျွန်တော်မေးမြန်းလိုတဲ့ ကြယ်ပွင့်ပြ မေးခွန်းတွေကတော့ လယ်ယာမြေ လုပ်ပိုင်ခွင့်ပြုလက်မှတ်(ပုံစံ-၇) အသစ်အဟောင်းမခွဲခြားဘဲ လယ်သမားတိုင်း စိုက်ပျိုးစရိတ်ချေးငွေများ ရရှိစေရေးနှင့် စိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေးရာတွင် (ပုံစံ-၇)ပါ ဧကများအတိုင်း ချေးငွေများ အပြည့်အဝ ရရှိရေးအတွက် အစီအစဉ်များနဲ့ စပ်လျဉ်းတဲ့ မေးခွန်းများ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၁၆ ခုနှစ်၊ ချေးငွေရာသီမှာ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် (ပုံစံ-၇)ရရှိထားပြီး ကျေးရွာအုပ်ချုပ်ရေးမှူးမှာလည်း ထောက်ပံ့ပေးခဲ့တဲ့အတွက် စိုက်ပျိုးစရိတ်ချေးငွေရရှိရန် စိုက်ပျိုးရေးဘဏ်ကို သွားတဲ့အခါမှာ စိုက်ပျိုးရေးဘဏ်မန်နေဂျာက ယခုတင်ပြလာတဲ့ (ပုံစံ-၇)က အသစ်ဖြစ်နေတယ်။ ပြီးခဲ့တဲ့ ၂၀၁၅ ခုနှစ်၊ ချေးငွေကာလတုန်းက ချေးခဲ့ဖူးတဲ့သူမဟုတ်ဘူး။ ၂၀၁၅ ခုနှစ်က ချေးခဲ့ဖူးတဲ့စာရင်းမှာလည်း မပါသူဖြစ်နေတယ်။ လူဟောင်းမဟုတ်ဘူး။ လူသစ်ဖြစ်နေတယ်။ (ပုံစံ-၇)က အသစ်ဖြစ်နေတယ်။ ဒါကြောင့် ချေးငွေထုတ်ချေးမပေးနိုင်ဟု အကြောင်းပြတဲ့အတွက် လယ်သမားဟာ (ပုံစံ-၇)ရှိထားသော်လည်းပဲ စိုက်ပျိုးစရိတ်ချေးငွေများမရရှိခဲ့ပါဘူး။

(၂) အချက်က စိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေးပေးခဲ့သော်လည်း (ပုံစံ-၇)ပါ ဧကများအတိုင်း အပြည့်အဝ ထုတ်ချေးမပေးဘဲ ဧကလျှော့ပြီး ထုတ်ချေးပေးနေခြင်းကိုလည်း တွေ့ရှိရပါတယ်။ အချို့ဆိုရင် (ပုံစံ-၇)မှာ (၇)ဧကရှိသော်လည်းပဲ တကယ်ချေးတဲ့အခါမှာ (၅)ဧက၊ (၄)ဧကအတွက်သာ ရကြပြီးတော့၊ အချို့ဆိုရင် (၅)ဧကရှိပြီး (၄)ဧက၊ (၃)ဧကအတွက်ပဲ ရကြပါတယ်။ အချို့ဆိုရင် (၁၀)ဧကရှိပြီးတော့ (၃)ဧကပဲ ရနေတာမျိုးတွေလည်း တွေ့နေရပါတယ်။


ယခုလို ကျွန်တော်တို့ ဧကတွေလျှော့ချခြင်းနဲ့ ပတ်သက်ပြီးတော့လည်း လယ်သမားများ ပြောတာကတော့ သူတို့တွေဟာ စိုက်ပျိုးစရိတ်ချေးငွေများကို သူတို့က နောက်ကျပြီးမှဆပ်ရတဲ့အတွက်ကြောင့် သူတို့က ဒဏ်တိုးကြေးငွေတွေကို ပေးဆောင်ပြီးတော့ ဆပ်ခဲ့ရပါတယ်လို့ ပြောပါတယ်။ အဲဒီတော့ စိုက်ပျိုးရေးဘဏ်မန်နေဂျာကတော့ အခုလို လျှော့ချရတာဟာ သူတို့ဟာ ၂၀၁၅ ခုနှစ်၊ ချေးငွေ ပြန်ဆပ်တဲ့အခါမှာ နောက်ကျလို့ အခုလိုလျှော့ချရတာဖြစ်တယ်လို့ အကြောင်းပြပါတယ်။ ဒါပေမဲ့ လယ်သမားပြောတာကတော့ သူတို့တွေဟာ ချေးငွေကို နောက်ကျပြီးမှ ဆပ်တယ်ဆိုတာ မှန်ပါတယ်။ ဒါပေမဲ့ နောက်ကျတဲ့အတွက်ကြောင့်မို့လို့ ဒဏ်တိုးငွေ(၁)ဧကကို (၂၅၀၀)ကျပ် ပေးဆောင်ပြီးဖြစ်တယ်လို့ ပြောပါတယ်။ ဒါဆိုရင် ဒဏ်ဆောင်ပြီး ဖြစ်နေတဲ့အတွက်ကြောင့် သူ့ကို ငွေထုတ်ချေးတဲ့အခါမှာ လျှော့ချရန် မသင့်ဘူးလို့ ပြောပါတယ်။ ဒါဟာ လယ်သမားတွေရဲ့အခက်အခဲ ဖြစ်ပါတယ်။

အခုတင်ပြနေတဲ့ အကြောင်းအရာတွေဟာ ကျွန်တော့်မဲဆန္ဒနယ်တစ်ခုတည်းက အကြောင်းအရာတွေ မဟုတ်ပါဘူး။ ကျွန်တော်တို့ တောင်သူလယ်သမားရေးရာကော်မတီမှာ တိုင်းနှင့် ပြည်နယ်အသီးသီးက ပါဝင်တဲ့ ကော်မတီဝင်တွေရဲ့တွေ့ရှိချက်တွေကို အခြေခံပြီးတော့ ကျွန်တော် တင်ပြနေရတာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၁၃ ခုနှစ်မှာ ပြဋ္ဌာန်းထားတဲ့ တောင်သူလယ်သမားအခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွား မြှင့်တင်ရေးဥပဒေရဲ့ ပုဒ်မ ၅(ဂ)မှာ တောင်သူလယ်သမားများအား စိုက်ပျိုးထုတ်လုပ်မှုလုပ်ငန်းများအတွက်----------(ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အချိန်စေ့ပါပြီ။ ကိုယ်စားလှယ်ကြီး အချိန်ပြည့်သွားပြီ။ မှတ်တမ်းဝင်မှာ မဟုတ်တော့ဘူး။

၂၀၁၅-၂၀၁၆ စိုက်ပျိုးစရိတ် အမတော် ထုတ်မပေးသော လယ်သမားများစာရင်းစာရွက်ပုံ (စ)


(ချောင်းသုံးခွ ကျေးရွာအုပ်စု)
၂၀၁၅-၂၀၁၆ စိုက်ပျိုးစရိတ် အမတော် ထုတ်မပေးသော လယ်သမားများ စာရင်း
(၂၀၁၅.) → ပုဒ်မ(၇) [illegible]

| စဉ် | အမည် | နေရပ် | ကွင်းအမည် | ကွင်းအမှတ် | လယ်ဧက |
|---|---|---|---|---|---|
| ၁ | ဦးကျော်တင် | ချောင်းသုံးခွ | ၁၀၇ | ၂၉/၁ | ၀.၆၁ |
| ၂ | ဦးကျော်တင် | " | ၁၀၇ | N.၈ | ၁.၂၀ |
| ၃ | ဦးကျော်တင် | " | ၁၀၇ | ၅၃ | ၀.၇၀ |
| ၄ | ဦးကျော်တင် | " | ၁၀၇ | ၃၃ | ၀.၂၁ |
| ၅ | ဦးကျွားမောင် | ကနိုးဒေး | VT.၂၁. ဈေးတိုင်ပြင်ကွင်း | N.၅၁ | ၀.၅၀ |
| ၆ | ဦးကျွားမောင် | " | VT.၂၁ ဈေးတိုင်ပြင်ကွင်း | N.၁၃ | ၃.၀၀ |
| ၇ | ဦးကျွားမောင် | " | VT.၂၁. ဈေးတိုင်ပြင်ကွင်း | N.၅၀ | ၁.၃၀ |
| | ~~ဦးကျွားမောင်~~ | " | | | |
| ၈ | ဦးခေါက်စ | ချောင်းသုံးခွ | VT.၂၀ ဈေးတိုင်ပြင်ကွင်း | ၃၃ | ၃.၃၀ |
| ၉ | ဒေါ်အိနိ | ချောင်းသုံးခွ | VT.၂၀ ဈေးတိုင်ပြင်ကွင်း | ၄ | ၁.၈၀ |

စိုက်ပျိုးစရိတ်ချေးငွေများ အပြည့်အဝ မရရှိသည့် လယ်သမားများစာရင်းစာရွက် ပုံ (စ-၁)

| အမည် | နေရပ် | ကွင်းအမည် | ပိုင်ဆိုင်သည့် ဧက | ငွေထုတ်ပေးသည့် ဧက | မကျေသည့် ဧက |
|---|---|---|---|---|---|
| ဦးသန်းထိုး | အရှေ့ဘက် | VT.၂၆ / N၈၀/၅ | ၇.၀၀ | ၃.၀၀ | ၄.၀၀ |
| ဒေါ်ခင်မြင့်ကြည် | အရှေ့ဘက် | VT.၂၆ / N၈၀/၈ | ၇.၀၀ | ၃.၀၀ | ၄.၀၀ |
| ဦးမြသိန်း | အရှေ့ဘက် | VT.၂၆ / N၈၀/၇ | ၇.၀၀ | ၃.၀၀ | ၄.၀၀ |
| ဒေါ်ခင်မာဒွေး | မကျည်းတော | VT.၂၆ / N၈၀/၆ | ၇.၀၀ | ၃.၀၀ | ၄.၀၀ |
| ဦးကျော်လှ | မကျည်းတော | VT.၂၆ / N၈၀/၁၀ | ၇.၀၀ | ၃.၀၀ | ၄.၀၀ |
| ဦးမြင့်လွင် | အရှေ့ဘက် | VT.၂၆ / N၈၀/၁ | ၇.၀၀ | ၃.၀၀ | ၄.၀၀ |
| ဦးဝင်းသိန်း | အရှေ့ဘက် | VT.၂၆ / N၈၀/၂ | ၇.၀၀ | ၃.၀၀ | ၄.၀၀ |
| ဦးတင်ဦးဝေ | မကျည်းတော | VT၁၄ / N၁၁/၇ | ၆.၀၀ | ၄.၀၀ | ၂.၀၀ |
| ဦးသောင်းထွန်း | အရှေ့ဘက် | VT၁၃ / N၃၇/၁၃ | ၅.၀၀ | ၃.၀၀ | ၂.၀၀ |
| ဦးမြင့်ရွှေ | မကျည်းတော | VT၁၄ | ၈.၀၀ | ၃.၀၀ | ၅.၀၀ |
| ဦးစံဝင်း | မကျေးတော | ၉၉.၁ / ၂၁၀/၃ | ၉.၀၀ | ၄ ၁/၂ | ၄ ၁/၂ |
| ဦးစောအေး | မကျည်းတော | ၁၀၁.၁ / ၅၅ | ၃.၀၀ | ၁.၀၀ | ၂.၀၀ |
| ဒေါ်သန်းသန်းဌေး | မကျည်းတော | VT၁၄ / N.၁၁/၁၁ | ၅.၀၀ | ၃.၀၀ | ၂.၀၀ |

စိုက်ပျိုးစရိတ်ချေးငွေများ အပြည့်အဝ မရရှိသည့် လယ်သမားများစာရင်း စာရွက်ပုံ (စ-၂)

-၄-

| စဉ် | အမည် | မှတ်ပုံတင်အမှတ် | ကွင်းအမည် | ကွင်းအမှတ် | ပိုင်ဆိုင်သည့် လယ်ဧက | ထုတ်ယူရရှိသည့် လယ်ဧက | မှတ်ချက် ချေးငွေမရသေးသည့်ဧက |
|---|---|---|---|---|---|---|---|
| ၄၁ | ဦးဆန်းမင်း | ၁၁/တကန(နိုင်)၀၆၇၈၃၀ | ၁၄(င) | | ၃.၀၀ | ၂.၀၀ | ၁.၀၀ |
| ၄၂ | ဦးတင်ဦး | ၁၁/မအတ(နိုင်)၀၃၃၂၉၉ | VT၂၉ | N ၅၄/၄၅ | ၆.၀၀ | ၄.၀၀ | ၂.၀၀ |
| ၄၃ | ဦးသန်းကျော် | ၁၁/တကန(နိုင်)၀၃၃၅၅၃ | VT၂၉ | N ၆၀/၂၉ | ၆.၀၀ | ၄.၀၀ | ၂.၀၀ |
| ၄၄ | ဦးစိန်မြင့်ရွှေ | ၁၁/တကန(နိုင်)၀၃၃၈၂၀ | VT၂၉ | N ၇၀/၁၂ | ၆.၀၀ | ၄.၀၀ | ၂.၀၀ |
| ၄၅ | ဦးမောင်တင်မြင့် | ၁၁/တကန(နိုင်)၀၃၃၃၀၃ | VT၂၉ | N ၅၄/၃၄ | ၆.[illegible] | ၄.၀၀ | ၂.[illegible] |
| ၄၆ | ဦးကြည်ရွှေ | ၁၁/မအတ(နိုင်)၀၀၂၈၁၅ | VT၂၉ | N ၆၀/၁၀ N ၅၁/၁၀ | ၆.[illegible] | ၃.၀၀ | ၃.[illegible] |
| ၄၇ | ဦးအောင်မြင့်သန်း | ၁၁/မအတ(နိုင်)၀၀၈၆၈၂ | VT၂၉ | N ၆၄/၁၅ | ၁၀.[illegible] | ၃.၀၀ | ၇.[illegible] |
| ၄၈ | ဒေါ်မပုချေ | ၁၁/မအတ(နိုင်)၀၀၆၅၂၃ | VT၂၉ | N ၆၄/၄ | ၅.၀၀ | ၄.၀၀ | ၁.၀၀ |
| ၄၉ | ဦးကျော်ဝင်းမောင် | ၁၁/မအတ(နိုင်)၀၀၀၇၆၆ | VT၂၉ | N ၆၄/၁၀ | [illegible].၀၀ | ၄.၀၀ | ၁.၀၀ |
| ၅၀ | ဦးတင်ရွှေ | ၁၁/တကန(နိုင်)၀၃၄၀၅၄ | VT၂၉ | N ၇၉/၅ | ၁၀.၀၀ | ၄.၀၀ | ၆.၀၀ |
| ၅၁ | ဦးလှမောင် | ၁၁/တကန(နိုင်)၀၃၃၉၉၈ | VT၂၉ | N ၇၁/၃ | ၁၀.၀၀ | ၄.၀၀ | ၆.၀၀ |
| ၅၂ | ဒေါ်အေးလှစိန် | ၁၁/တကနဧနိုင်)၀၃၄၀၁၂ | VT၂၉ | N ၇၁/၆ | ၁၀.၀၀ | ၅.၀၀ | ၅.၀၀ |
| ၅၂ | ဦးမောင်ဝင်းလွင် | ၁၁/တကန(နိုင်)၀၇၀၁၉၀ | VT၂၉ | N ၆၀/၅ | ၅.၀၀ | ၄.၀၀ | ၁.၀၀ |
| ၅၃ | ဒေါ်ချိုချိုဝင်း | ၁၁/မအတ(နိုင်)၀၀၀၇၆၁ | VT၂၉ | N ၆၄/၂ | ၅.၀၀ | ၄.၀၀ | ၁.၀၀ |

**မွန်ပြည်နယ်၊ သထုံမြို့နယ်၊ အုပ္ပိုချောင်ကျေးရွာအုပ်စုမှ သထုံမြို့အထိ ရာသီမရွေး သွားလာနိုင်သော မြေသားလမ်းတစ်ခု ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၂၇။**

**ဥက္ကဋ္ဌ။** ။ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဒေါက်တာဇော်လင်းထွဋ် က မွန်ပြည်နယ်၊ သထုံမြို့နယ်၊ အုပ္ပိုချောင်ကျေးရွာအုပ်စုမှ သထုံမြို့အထိ ရာသီမရွေး သွားလာနိုင်သော မြေသားလမ်းတစ်ခု ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၇။**

**ဒေါက်တာဇော်လင်းထွဋ်၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်ပါတယ်။ ကျွန်တော်ကတော့ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှအမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဇော်လင်းထွဋ် ဖြစ်ပါတယ်။ ကျွန်တော့်မဲဆန္ဒနယ် သထုံမြို့တွင် အုပ္ပိုချောင်ကျေးရွာအုပ်စုသည် အုပ္ပိုချောင်ကျေးရွာနှင့် သုံးအိမ်စုကျေးရွာ(၂)ရွာဖြင့် ဖွဲ့စည်းတည်ဆောက်ထားပြီး အိမ်ခြေ (၁၇၉)၊ အိမ်ထောင်စု(၁၈၆) စုစုပေါင်းလူဦးရေ(၈၆၀)ဦးရှိသော ကျေးရွာအုပ်စုဖြစ်ပါတယ်။ သထုံမြို့မှ (၅)မိုင်ခန့်သာကွာဝေးပြီး နှစ်ပေါင်းများစွာ ရေကြောင်းလမ်းတစ်ခုကိုသာ မှီခိုအားထား သွားလာရပြီး စပါးများ ရိတ်သိမ်းသည့်အခါမှသာ လယ်ကွင်းများကို ဖြတ်ကျော်၍ ကား၊ လှည်းများဖြင့် သွားလာရသည့် ယာယီလမ်းကြောင်းသာရှိပါသည်။ ကျေးရွာတွင် သုံးအိမ်စု မူလတန်းလွန်ကျောင်း၊ အုပ္ပိုချောင် မူလတန်းကျောင်း(၂)ကျောင်းရှိရာ ကျောင်းသားဦးရေ(၂၀၀)ခန့် တက်ရောက်ပညာသင်ကြားလျက်ရှိပြီး၊ သထုံမြို့ပေါ်ရှိ အထက်တန်းကျောင်းသို့ ဆက်လက်ပညာသင်ကြားချင်ပါသော်လည်း လမ်းပန်းဆက်သွယ်ရေးအခြေအနေကြောင့် မူလတန်းတွင်သာ ပညာရေးဆုံးခန်းတိုင် ဖြစ်ခဲ့ရပါတယ်။ တာဝန်ကျ ဆရာ၊ ဆရာမများအနေဖြင့် အရေးပေါ်ကိစ္စ ပေါ်ပေါက်လာပါက သတ်မှတ်ချိန် မရောက်ရှိနိုင်ကြောင်း၊ ကျောင်းပိတ်ရက်များတွင် မိမိတို့နေထိုင်ရာဒေသသို့ ပြန်ချင်ပါသော်လည်း လမ်းပန်းဆက်သွယ်ရေးခက်ခဲခြင်းကြောင့် ပညာရေးဌာနသို့ မကြာခဏ အပြောင်းအရွှေ့ တင်ကြကြောင်း ကြားသိရခဲ့ရပါတယ်။

ကျန်းမာရေးနှင့် ပတ်သက်၍လည်း ကျေးရွာတွင် ဆေးပေးခန်း၊ ကျေးလက်ကျန်းမာရေးဌာနခွဲများ ယခုတိုင်မရှိပါ။ အရေးပေါ်လူနာများကို အချိန်နှင့်တစ်ပြေးညီ ဆေးရုံ၊ ဆေးခန်းများသို့ ပို့ဆောင်နိုင်ခြင်းမရှိခဲ့၍ မမျှော်လင့်ဘဲ အသက်ဆုံးရှုံးခဲ့ရသည်ကိုလည်း ကြုံတွေ့ခဲ့ကြရပါသည်။ ဒေသခံပြည်သူများသည် စပါးစိုက်ပျိုးခြင်း၊ ငါးဖမ်းလုပ်ငန်းများကိုသာ အဓိကထား၍ လုပ်ကိုင်ကြပါသည်။ သို့သော်လည်း မြို့ပေါ်သို့ တင်ပို့ရောင်းချရာတွင် ရေကြောင်းလမ်းတစ်ခုသာရှိသည့်အတွက် များစွာ အခက်အခဲရှိပါသည်။

သို့ဖြစ်ပါ၍ ပင်လယ်ရေအတက်အကျနှင့် ရေကြောင်းလမ်းတစ်ခုတည်းကိုသာ မှီခိုအားထား သွားလာရာမှ ဖော်ပြပါ ကုန်ထုတ်လမ်းသစ်ဖောက်လုပ်ပြီးစီးသွားပါက ကျေးရွာတစ်ခုလုံး ကဏ္ဍအသီးသီးတွင် ဖွံ့ဖြိုးတိုးတက်လာမည့်အပြင် သဘာဝဘေးအန္တရာယ်များနှင့် ရင်ဆိုင်ကြုံတွေ့လာပါက အချိန်နှင့်တစ်ပြေးညီ ပြင်ဆင်နိုင်မည်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အုပ္ပိုချောင်ကျေးရွာအုပ်စုမှ သထုံမြို့

အထိ ရာသီမရွေးသွားလာနိုင်သော မြေသားလမ်းတစ်ခု ဖောက်လုပ်ပေးနိုင်ပါရန် အစီအစဉ်ရှိ/မရှိနှင့် အစီအစဉ်ရှိပါက မည်သည့်ဘဏ္ဍာရေးနှစ်တွင် လုပ်ဆောင်နိုင်မည်ကို မဲဆန္ဒရှင်များကိုယ်စား အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် တင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ မေးခွန်းမေးတဲ့ ကိုယ်စားလှယ်ကြီးများကို ကျွန်တော် အနည်းငယ် ပြန်လည်ပြောကြားလိုပါတယ်။ ကျွန်တော် မေးခွန်းမေးချိန် (၃)မိနစ် သတ်မှတ်ပေးလိုက်တော့ ကိုယ်စားလှယ်တွေ ကြိုးစားပြီးတော့ဆောင်ရွက်လာတာ ကျွန်တော် အမြဲတမ်းကြည့်နေတယ်၊ (၃)မိနစ်ကို ကွက်တိပဲ။ ကျွန်တော် တော်တော်စိတ်ချမ်းသာသွားတယ်။ ဘာလို့လဲဆိုတော့ ကိုယ့်ကိုယ်စားလှယ်ရဲ့ အရည်အသွေးတွေ မြင့်မားလာတယ်လို့ ထင်ပြီးတော့ ကျွန်တော် အတော်စိတ်ချမ်းသာပါတယ်။ ဒီနေ့ ကြည့်လိုက်တဲ့အခါကျတော့ ဒါနည်းနည်း(၃)မိနစ်ကျော်သွားတဲ့ အနေအထားရှိပါတယ်။ ကျွန်တော်တို့ မေးခွန်းဆိုတာ အဆိုဆွေးနွေးတာ မဟုတ်ပါဘူး။ အဆိုဆွေးနွေးတာမဟုတ်တော့ ဥပဒေတွေ၊ ဘာတွေ ထည့်ပြောစရာ မလိုပါဘူး။ ကိုယ်လိုချင်တဲ့မေးခွန်းကို လိုရင်းပဲ မေးပါ။ အဆိုဆွေးနွေးတာဆိုရင်တော့ ဥပဒေတွေတပ်ပြီး မေးလို့ရပါတယ်။ ဆွေးနွေးလို့ရပါတယ်။ အခုဟာက ကျွန်တော်တို့က မေးခွန်းမေးတဲ့အခါကျတော့ ဥပဒေတွေ ဘာတွေ ထည့်ဆွေးနွေးတော့ (၃)မိနစ်ကျော်သွားတာ ဖြစ်ပါတယ်။ အဲဒါလေးတွေ နည်းနည်းဆင်ခြင်ဖို့ ကျွန်တော် မေတ္တာရပ်ခံပါတယ်။

**အချိန်၊ ၁၀း၃၀။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းများနဲ့ ပတ်သက်ပြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၃၀။**

**ဒေါက်တာအောင်သူ (ပြည်ထောင်စုဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ကြွရောက်လာတဲ့ ဧည့်သည်တော်များအားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ ဖြစ်ပါတယ်။ ဦးစွာပထမအနေနဲ့ ပဲခူးတိုင်းဒေသကြီး၊ အမှတ်(၆)မဲဆန္ဒနယ်က အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမင်းဦး ရဲ့ မေးခွန်းကို ဖြေကြားမှာ ဖြစ်ပါတယ်။

ပဲခူးတိုင်းဒေသကြီး၊ အုတ်တွင်းမြို့နယ်အတွင်းမှာရှိတဲ့ လယ်ယာမြေကို အခြားနည်းအသုံးပြုရန် ခွင့်ပြုမိန့်မရရှိသေးဘဲ ဓာတ်ဆီဆိုင်ဆောက်လုပ်ခြင်းနဲ့ အဆိုပါလယ်မြေဧကများအတွက် ၂၀၁၆ ခုနှစ်မှာ စိုက်ပျိုးစရိတ်ချေးငွေ ထုတ်ယူထားခြင်းရှိ/မရှိကို သိရှိလိုခြင်းနဲ့ စပ်လျဉ်းတဲ့ မေးခွန်းကို လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၊ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့တို့၏ ဖြေကြားချက်များနှင့်အတူ ပေါင်းစပ်ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် စက်သုံးဆီအရောင်းဆိုင်အသစ်ဖွင့်လှစ်ခွင့်ပြုဖို့ရာအတွက်အဆိုပြုတဲ့မြေနေရာမှာ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့၏ ကန့်ကွက်ရန်မရှိကြောင်းထောက်ခံစာနှင့်အတူ မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်းမှ အတည်ပြုပြီးသည့် အရောင်းဆိုင်ရဲ့ အကွက်ချပုံစံ(Layout Plan)၊ တည်ဆောက်မည့်အရောင်းဆိုင်ရဲ့ (Design)ပုံစံနဲ့ (Detailed Drawing) တို့ဖြင့် ပြည့်စုံစွာ တင်ပြလျှောက်ထားလာပါက မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်းနှင့် သတ္တုတွင်းဦးစီးဌာနတို့မှ ပညာရှင်အရာထမ်းများ ပါဝင်တဲ့အဖွဲ့နဲ့ ကွင်းဆင်းစစ်ဆေးလျက်ဆောင်ရွက်ခဲ့ပါတယ်။ စက်သုံးဆီအရောင်းဆိုင်တစ်ဆိုင်ရဲ့ အခြေခံလိုအပ်ချက်များနှင့် ပြည့်စုံကိုက်ညီမှုရှိပြီး သက်ဆိုင်ရာဌာန၏ စက်သုံးဆီ သိုလှောင်ခွင့်ပြုမိန့်လိုင်စင် ရရှိပြီးဖြစ်သဖြင့် ဖွင့်လှစ်ခွင့်ပြုသင့်ကြောင်း စစ်ဆေးရေးအဖွဲ့မှ ထောက်ခံတင်ပြလာပါက လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၊ အမှုဆောင်ကော်မတီအစည်းအဝေးမှနေပြီး စက်သုံးဆီ ဖြန့်ဖြူးရောင်းချခွင့်လိုင်စင်ကို စိစစ်ခွင့်ပြုထုတ်ပေးလျက်ရှိပါကြောင်း ဖော်ပြပါတယ်။ ရာဇာမင်းကုမ္ပဏီဟာ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ စက်သုံးဆီအရောင်းဆိုင်အသစ် ဖွင့်လှစ်ခွင့်ပြုရန် ကန့်ကွက်ရန်မရှိကြောင်း ထောက်ခံစာနှင့်အတူ လိုအပ်သည့် စာရွက်စာတမ်းများနဲ့ ၂၈-၃-၂၀၁၄ ရက်နေ့မှာ အဆိုပြု လျှောက်ထားလာတဲ့အတွက် ကွင်းဆင်းစစ်ဆေးတဲ့လုပ်ငန်းကို ဆောင်ရွက်ခဲ့ခြင်းဖြစ်တယ်လို့ သိရပါတယ်။

ပဲခူးတိုင်းဒေသကြီး၊ တောင်ငူခရိုင်၊ အုတ်တွင်းမြို့နယ်၊ တင်းကုတ္တန်းကျေးရွာအုပ်စု၊ ကွင်းအမှတ်(၂၉၅-ခ)၊ ဦးပိုင်အမှတ်(၆၇၊ ၆၈/၂၊ ၇၇/၃)၊ ဧရိယာ(၁၂.၅၃)ဧကကို ဦးညီညီထွေး မှ လယ်ယာမြေကို စက်သုံးဆီအရောင်းဆိုင် အသုံးပြုရန် အမှုတွဲအမှတ်၊ ၁၀/လယ(၃၀)/၂၀၁၃-၂၀၁၄(အုတ်တွင်း)နဲ့ လျှောက်ထားဆဲကာလအတွင်း လယ်ယာမြေအခြားနည်းအသုံးပြုခွင့်မရရှိဘဲ စက်သုံးဆီအရောင်းဆိုင်ပြုလုပ်ရန် မြေညှိခြင်း၊ အုတ်ပုံခြင်းလုပ်ငန်း ဆောင်ရွက်ခဲ့သဖြင့် တင်းကုတ္တန်းကျေးရွာအုပ်စု လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့မှ ၁၃-၂-၂၀၁၆၊ ၂၂-၃-၂၀၁၆၊ ၁-၄-၂၀၁၆ ရက်များမှာ လယ်ယာမြေကို ခွင့်ပြုမိန့်မရရှိဘဲ အခြားနည်းအသုံးစွဲနေသဖြင့် ဖယ်ရှားပေးရန် အကြောင်းကြားစာများပေးပို့ခဲ့ပါတယ်။ အုတ်တွင်းမြို့နယ် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့မှလည်းပဲ ၁၀-၃-၂၀၁၆ ရက်စွဲပါ စာအမှတ်၊၈/လယ(၀၁)ဖြင့် လယ်ယာမြေပေါ်မှာ ခွင့်ပြုမိန့်မရရှိဘဲအခြားနည်းသုံးစွဲနေသဖြင့် ဖယ်ရှားပေးရန် အကြောင်းကြားစာရေးပို့ပြီး အရေးယူဆောင်ရွက်ခဲ့တယ်လို့ သိရှိရပါတယ်။

သို့ဖြစ်တဲ့အတွက် လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ မေးခွန်းပါ လယ်ယာမြေကို အခြားနည်းအသုံးပြုရန် ခွင့်ပြုမိန့်မရရှိသေးပဲ ဓာတ်ဆီဆိုင်ဆောက်လုပ်ခြင်းနှင့် အဆိုပါလယ်ယာမြေဧကများအတွက် ၂၀၁၆ ခုနှစ်တွင် စိုက်ပျိုးစရိတ်ချေးငွေ ထုတ်ယူခြင်း ရှိ/မရှိ သိလိုခြင်းနှင့်ပတ်သက်၍ ဦးညီညီထွေး ရာဇာမင်းကုမ္ပဏီဟာ လုပ်ငန်းဆက်လက်ဆောင်ရွက်ခြင်းမရှိဘဲ လက်ရှိအခြေအနေမှာ ရပ်ဆိုင်းထားပြီးဖြစ်ပါကြောင်းနှင့် လယ်ယာမြေပေါ်မှာ ခွင့်ပြုမိန့်မရှိဘဲ အခြားနည်းအသုံးပြုမှုများ ဆက်လက်ဆောင်ရွက်ပါကလည်း မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ အုတ်တွင်းမြို့နယ်အနေဖြင့် လယ်ယာမြေဥပဒေပုဒ်မ ၂၀ အရ ဆက်လက်အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းနှင့် အဆိုပါ လယ်ယာမြေနှင့်ပတ်သက်ပြီး ၂၀၁၆ ခုနှစ်၊ စိုက်ပျိုးစရိတ်ချေးငွေကိုလည်း ထုတ်ပေးထားခြင်းမရှိပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

ဒုတိယအနေနဲ့ ကချင်ပြည်နယ် အမှတ်(၁)မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဂျေယောဝူ ရဲ့ မေးခွန်းကို ဖြေကြားမှာ ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးဂျေယောဝူ မှ ယခုလို ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် ကျေးရွာတွေကို ကွင်းဆင်းပြီး မေးမြန်းပေးတဲ့အတွက် အထူးပင်ကျေးဇူးတင်ကြောင်း တင်ပြလိုပါတယ်။ ကိုယ်စားလှယ်တော်ကြီးရဲ့ မေးခွန်းနှင့်ပတ်သက်ပြီး ကချင်ပြည်နယ်အစိုးရအဖွဲ့ရဲ့ ဖြေကြားချက်နှင့်အတူ ပေါင်းစပ်ဖြေကြားသွားမှာပဲ ဖြစ်ပါတယ်။ ကချင်ပြည်နယ်၊ ပူတာအိုမြို့နယ်အတွင်း ပူတာအို-နမ်တုံခူး-နမ်ဇယ်-လုံးနဒမ်း-ဝဆန်ဒမ်း-အဝပ်ဒမ်းလမ်းဟာ အရှည်(၇၉)မိုင်ရှိပြီး လူသွားလမ်းဖြစ်ပါတယ်။ မြေသားလမ်းဖောက်လုပ်ခြင်း ငွေကျပ်(၂၃၇၄.၇၄)သန်း၊ ကျောက်ချောခင်းခြင်းငွေကျပ်(၁၀၀၆၂.၂၃)သန်း၊ စုစုပေါင်းငွေကျပ်(၁၂၄၃၆.၉၇)သန်း ကုန်ကျမည်လို့ တွက်ချက်ခန့်မှန်းရပါတယ်။ အဆိုပါလမ်းဟာ ကျေးရွာ(၁၁)ရွာရှိ လူဦးရေ (၄၀၄၆)ဦးကို အကျိုးပြုမှာ ဖြစ်ပါတယ်။ ကချင်ပြည်နယ်အတွင်း မိမိဌာနရဲ့ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေကျပ်က (၂၅၄၈.၀၇၅)သန်းသာဖြစ်ပါတယ်။ ကွန်ကရစ်လမ်း(၁)မိုင်၊ ကတ္တရာလမ်း(၂)မိုင်၊ ကျောက်ချောလမ်း(၉)မိုင်၊ ဂဝံလမ်း(၄)မိုင်(၂)ဖာလုံ၊ မြေသားလမ်း(၂၃)မိုင် (၅) ဖာလုံ၊ ကွန်ကရစ်တံတား(၆)စင်း၊ သစ်သားတံတား(၃၉)စင်းနှင့် ရေပွွှန်(၁၀)စင်းတို့ကို လျာထား ဆောင်ရွက်လျက်ရှိပါတယ်။

ပူတာအိုမြို့နယ်အတွင်းမှာတော့ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေနဲ့ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေကျပ်သန်းပေါင်း (၂၀၁.၀၅၅)သန်းနဲ့ ကျောက်ချောလမ်း(၁)မိုင် (၄)ဖာလုံနှင့် ရေပွွှန်(၄)စင်းတို့ကို လျာထားဆောင်ရွက်ရန် ရည်မှန်းပါတယ်။ ပြည်ထောင်စုအဆင့် အနေနဲ့လည်း လမ်းတံတားလုပ်ငန်းများနဲ့ ပတ်သက်ပြီး လမ်းအမျိုးအစားနှင့် လမ်းအဆင့်သတ်မှတ်ခြင်း၊ လမ်း၊ တံတား စံချိန်စံညွှန်းများ သတ်မှတ်ခြင်းနဲ့ လမ်းနယ်သတ်မှတ်ခြင်း၊ လမ်းပိုင်ဆိုင်မှုနယ်နိမိတ် သတ်မှတ်ခြင်းတို့ကို စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။ ပြည်ထောင်စုအဆင့်သတ်မှတ်ချက်များနှင့်အညီ ဦးစားပေးရွေးချယ်ခြင်းကိုတော့ ပြည်နယ်နှင့်တိုင်းဒေသကြီးများမှာရှိတဲ့ သက်ဆိုင်ရာ အဖွဲ့အစည်း များအားလုံး ပါဝင်ဆွေးနွေးပြီး နှစ်တို၊ နှစ်ရှည်စီမံကိန်းများ ရေးဆွဲစီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။ ပြည်နယ်၊ တိုင်းဒေသကြီးများမှာ နှစ်တို၊ နှစ်ရှည်စီမံကိန်းများကို ရေးဆွဲတင်ပြလာတဲ့ လုပ်ငန်းများ အပေါ်မှာ မိမိတို့ရဲ့ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စိစစ်ပြီးတော့ ဆက်လက်ဆောင်ရွက် ပေးသွားရတာဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်မေးမြန်းလာတဲ့ ပူတာအိုမြို့နယ်အတွင်း မှာရှိတဲ့ ပူတာအို - နန့်တုံခူး - နမ်ဇယ် - လုံးနဒမ်း - ဝဆန်ဒမ် - အဝပ်ဒမ်းလမ်း အရှည် (၇၉)မိုင် ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်းဟာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေရဲ့ ၂၀၁၆-၂၀၁၇ ခုနှစ်၊ ဘဏ္ဍာရေးနှစ်မှာ ပါဝင်ခြင်း မရှိတဲ့ အတွက် လတ်တလော ဆောင်ရွက်ပေးနိုင်ခြင်း မရှိပါကြောင်းနှင့် နှစ်အလိုက် ပြည်နယ်၊ တိုင်းဒေသကြီး များရဲ့ ဦးစားပေးလျာထား တင်ပြမှုအပေါ်မှာ မူတည်ပြီးတော့ လျာထား ဆောင်ရွက်ပေးသွားမည်ဖြစ် ကြောင်း ဖြေကြားအပ်ပါတယ်။

တတိယမေးခွန်းဖြစ်တဲ့မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါက်တာကျော်သန်းထွန်း(ကန်တုန်)ရဲ့ မေးခွန်းကို ဖြေကြားမှာဖြစ်ပါတယ်။ ဒေါက်တာ ကျော်သန်းထွန်းရဲ့ ပိုးစာပင်စိုက်ပျိုးရေးစီမံချက်မှာ သိမ်းဆည်းထားတဲ့ယာမြေများဟာ ပိုးစာစိုက်ပျိုး

ရေးစီမံချက် ဖျက်သိမ်းပြီးတဲ့နောက်ပိုင်းမှာ မူလပိုင်ရှင်များထံ ပြန်လည်လွှဲအပ်ပေးရန်နှင့် စပ်လျဉ်းတဲ့ မေးခွန်းကို ဖြေကြားမှာ ဖြစ်ပါတယ်။ မြန်မာ့ဝါနှင့်ပိုးချည်လုပ်ငန်း၊ မြန်မာ့ပိုးချည်စီမံကိန်းက ၁၉၉၃-၁၉၉၄ ခုနှစ်မှာ ပိုးချည်စီမံကိန်းကို စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့တဲ့နေရာမှာ စီမံကိန်းမှာ ဌာနအနေဖြင့် စံပြပိုးစာစိုက်ပျိုးမွေးမြူခြင်းလုပ်ငန်း၊ တောင်သူများကို စည်းရုံးခြင်းနှင့် နည်းပညာပေး လုပ်ငန်းတို့ကိုသာလုပ်ဆောင်ခဲ့ပါတယ်။ လုပ်ဆောင်တဲ့နေရာမှာလည်းပဲ တောင်သူများရဲ့ မြေယာမှာကိုပဲ ဆောင်ရွက်စေခဲ့တာဖြစ်ပါတယ်။ မြေယာစီမံခန့်ခွဲမှုလုပ်ငန်းများကို လုပ်ဆောင်ခဲ့ခြင်းမရှိခဲ့ပါ။ မြေယာစီမံခန့်ခွဲခြင်းကို ဒေသအာဏာပိုင်အဖွဲ့မှသာ ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါတယ်။ ပိုးချည်စီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်မှု မရှိတော့သည့်အခါမှာလည်းပဲ မြေယာခန့်ခွဲခြင်းအပိုင်းကို ဌာနအနေဖြင့် ပါဝင်ဆောင်ရွက်ခဲ့ခြင်း မရှိပါကြောင်း ဦးစွာ တင်ပြလိုပါတယ်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက စိုက်ပျိုးရေးဦးစီးဌာန၊ ဝါနှင့် လျှော်မျှင်ထွက်သီးနှံဌာနခွဲအနေဖြင့် ပြင်ဦးလွင်မြို့မှာ မျိုးပိုးဥနှင့် ပိုးစာသုတေသနခြံ၊ ပိုးအိမ်ထုတ် ပိုးစာခြံ၊ ပိုးချည်စက်ရုံနှင့် ပိုးစာသုတေသနခြံ၊ ဒိုးကွင်ပိုးစာခြံစတဲ့ ပိုးစာခြံ(၄)ခြံကိုတော့ ပိုးစာစိုက်ပျိုးခြင်းနှင့် ပိုးမွေးမြူခြင်း၊ ပိုးချည်ထုတ်လုပ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ပါတယ်။ ၎င်းခြံများကတော့ မျိုးပိုးဥနှင့် ပိုးစာသုတေသနခြံဟာ ၁၉၅၂-၁၉၅၃ ခုနှစ်မှာလည်းကောင်း၊ ပိုးချည်စက်ရုံနှင့် ပိုးစာသုတေသနခြံဟာ ၁၉၅၄ ခုနှစ်မှာလည်းကောင်း ဂျပန်စစ်လျော်ကြေးဖြင့် စတင်တည်ထောင်ခဲ့တဲ့ ခြံများဖြစ်ကြောင်း တင်ပြလိုပါတယ်။ ပိုးအိမ်ထုတ်ပိုးစာခြံဟာလည်းပဲ မျိုးပိုးဥနှင့် ပိုးစာသုတေသနခြံ ဧရိယာထဲမှပင် ပိုးအိမ်ထုတ်လုပ်ရန်ရည်ရွယ်ပြီး ခြံတစ်ခြံအဖြစ်နဲ့ ပိုင်းခြားသတ်မှတ်ထားခဲ့ခြင်းဖြစ်တဲ့ အတွက် ၁၉၅၂-၁၉၅၃ ခုနှစ်ကတည်းက ရှိခဲ့တဲ့ မြေဧရိယာပဲ ဖြစ်ပါတယ်။ ဒိုးကွင်ပိုးစာခြံဟာ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း၊ ပြင်ဦးလွင်မြို့၊ ဒိုးကွင်ကော်ဖီခြံဧရိယာမှ ၁၉၉၄-၁၉၉၅ ခုနှစ်မှာ (၄၀)ဧက နှင့် ၁၉၉၅-၁၉၉၆ ခုနှစ်မှာ (၂၀)ဧက စုစုပေါင်း(၆၀)ဧက လွှဲပြောင်းရယူခဲ့တာဖြစ်ပါတယ်။ ဒိုးကွင် ပိုးစာခြံအဖြစ် တည်ထောင်ဆောင်ရွက်ခဲ့တာဖြစ်ပါတယ်။ ယခုအခါမှာ မန္တလေး-ပြင်ဦးလွင် ကားလမ်း ဖောက်လုပ်ခြင်းနှင့် ကိုရီးယားသင်တန်းကျောင်းအဝင်လမ်း ဖောက်လုပ်မှုတို့ကြောင့် စုစုပေါင်းဧက (၆၀)မှ လက်ရှိခြံဧရိယာ (၅၂)ဧကဖြင့် လုပ်ငန်းဆောင်ရွက်လျက်ရှိပါတယ်။ ၎င်းခြံရဲ့ ပိုင်ဆိုင်မှုကတော့ လက်ရှိမှာ သယံဇာတနှင့် သစ်တောဝန်ကြီးဌာနရဲ့ ပိုင်ဆိုင်မှုအောက်မှာ ရှိနေတယ်လို့ သိရှိရပါတယ်။ သို့ဖြစ်တဲ့အတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ ဝါနှင့် လျှော်မျှင်ထွက်သီးနှံဌာနခွဲ လက်အောက်မှာရှိတဲ့ ပိုးစာခြံများရဲ့ မြေယာများဟာ မည်သည့်တောင်သူ တစ်ဦးတစ်ယောက်ထံမှ သိမ်းယူထားခြင်းမဟုတ်ကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။

၂၀၁၉ ခုနှစ်မှာ မြန်မာ့ဝါနှင့် ပိုးချည်လုပ်ငန်းကို အခြားဌာန၊ မြန်မာ့စက်မှုသီးနှံဖွံ့ဖြိုးရေး လုပ်ငန်းအောက်သို့ ထားရှိခဲ့ခြင်းမဟုတ်ဘဲ နိုင်ငံတော်အနေနဲ့ မြန်မာ့ဝါနှင့် ပိုးချည်လုပ်ငန်း၊ မြန်မာ့ နှစ်ရှည်ပင်လုပ်ငန်း၊ မြန်မာ့စိုက်ပျိုးမွေးမြူရေးလုပ်ငန်း၊ မြန်မာ့ကြံလုပ်ငန်း၊ မြန်မာ့ဂုန်လျှော် လုပ်ငန်း စတဲ့ ဌာန(၅)ခုကို ပူးပေါင်းပြီး မြန်မာ့စက်မှုသီးနှံ ဖွံ့ဖြိုးရေးလုပ်ငန်းဟု ပြောင်းလဲဖွဲ့စည်း ဆောင်ရွက် ခဲ့ခြင်းပဲဖြစ်ပါတယ်။ ပြင်ဦးလွင်မြို့မှာရှိတဲ့ အချို့ပိုးစာခြံ ဧရိယာများမှာ ယူကလစ်ပင်များ စိုက်ပျိုး ထားရှိခြင်းမှာ အထက်တွင် ရှင်းလင်းတင်ပြထားခဲ့သည့်အတိုင်း တောင်သူများထံမှ သိမ်းယူခဲ့တဲ့ မြေယာမြေမဟုတ်ကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။ ပိုးစာပင်များကို ယူကလစ်နှင့် ကြားညှပ်

စိုက်ပျိုးခြင်း၊ ဆက်စပ်စိုက်ပျိုးခြင်းမဟုတ်ဘဲ ပိုးစာစိုက်ခင်းများဟာ ယူကလစ်စိုက်ခင်းဧရိယာများနှင့် အလှမ်းကွာဝေးတဲ့ အနေအထားမှာ ရှိခြင်းတို့ကြောင့် ယူကလစ်ရွက်စားသုံးမိ၍ ပိုးကောင်များ သေကြ ပျက်စီးမှုဟာ လုံးဝမရှိဟု ရှင်းလင်းတင်ပြထားတာကို တွေ့ရပါတယ်။ ယခုအချိန်မှာ ဌာနအနေနဲ့ အဆိုပါ ပိုးစာခြံမှာ ပိုးဇာပင်စိုက်ပျိုးနည်းသုတေသနလုပ်ငန်း၊ ပိုးမွေးမြူခြင်းသုတေသနလုပ်ငန်း၊ လက်ကျစ်ချည် ထုတ်လုပ်ခြင်းလုပ်ငန်းနှင့် တန်ဖိုးမြှင့်ထုတ်ကုန်များစသည့် စမ်းသပ်ထုတ်လုပ်ခြင်း လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပြီး ပြည်တွင်းမှာရှိတဲ့ ကုမ္ပဏီများကို လွန်ခဲ့တဲ့(၆)နှစ်ခန့်ကပင် အချို့သော မြေဧရိယာများကို ငှားရမ်းပြီးစာချုပ်များချုပ်ဆိုကာ လုပ်ငန်းများ ဆောင်ရွက်လျက်ရှိ တယ်လို့သိရှိရပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

နောက်မေးခွန်းတစ်ခုဖြစ်တဲ့ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)၊ အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာခင်မောင်ဝင်း ရဲ့ ကြယ်ပွင့်ပြမေးခွန်းကို ဖြေကြားသွားမှာ ဖြစ်ပါ တယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာခင်မောင်ဝင်း ရဲ့ တနင်္သာရီတိုင်းဒေသကြီး၊ ကော့သောင်းခရိုင်အတွင်းမှာရှိတဲ့ ဒေသခံပြည်သူများရဲ့ ဥယျာဉ်ခြံမြေများ သိမ်းဆည်းခံ နစ်နာဆုံးရှုံးမှု များကို ပြန်လည်ပေးခြင်း သို့မဟုတ် နစ်နာကြေးပေးရေး ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ၊ မြေမဲ့၊ ယာမဲ့ဖြစ်နေတဲ့ ဒေသခံပြည်သူများနှင့် ရွှေ့ပြောင်းလုပ်သားများအတွက် မြေယာများ မျှဝေပေးနိုင်ခြင်း ရှိ/မရှိ၊ ပြုန်းတီးသွားပြီးတဲ့ သဘာဝသစ်တောများကို ဒေသခံပြည်သူများနှင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုး ရေး မည်ကဲ့သို့အကောင်အထည်ဖော်ဆောင်ရွက်မည်၊ ဆီအုန်းစိုက်ခင်းများအတွင်းမှာရှိတဲ့ စမ်းချောင်း တွေ၊ ဒေသခံပြည်သူများနှင့် ကုမ္ပဏီ ပူးပေါင်းထိန်းသိမ်းစောင့်ရှောက်ခွင့်ပေးနိုင်ခြင်း ရှိ/မရှိနဲ့ ရွာများ အတွင်းမှာ လိုအပ်နေတဲ့ စားကျက်မြေ၊ အားကစားကွင်းများ၊ စာသင်ကျောင်းများ၊ ဆောက်လုပ်ဖို့ရာ အတွက်နေရာများ စီစဉ်ပေးနိုင်ခြင်း ရှိ/မရှိတို့နှင့် စပ်လျဉ်းတဲ့ မေးခွန်းနဲ့ ပတ်သက်ပြီး တနင်္သာရီ တိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ ဖြေကြားချက်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနတို့ရဲ့ ဖြေကြားချက်များကိုပါ ပေါင်းစပ်ပြီးတော့ ရှင်းလင်းတင်ပြ ဖြေကြားမှာ ဖြစ်ပါတယ်။

တိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ ဖြေကြားချက်အရ (က) တနင်္သာရီတိုင်းဒေသကြီး၊ ကော့သောင်း ခရိုင်အတွင်းမှာရှိတဲ့ ဒေသခံပြည်သူတွေရဲ့ ဥယျာဉ်ခြံမြေတွေ၊ သိမ်းဆည်းခံနစ်နာဆုံးရှုံးမှုတွေကို ပြန်လည်ပေးခြင်း သို့မဟုတ် နစ်နာကြေးပေးခြင်းနဲ့ပတ်သက်ပြီး ကော့သောင်းမြို့နယ်အတွင်းမှာရှိတဲ့ တပ်ရင်းတပ်ဖွဲ့များမှ သိမ်းဆည်းထားတဲ့မြေဧရိယာ(၂၃၇.၆၅)ဧက၊ ဌာနဆိုင်ရာတစ်ခု၊ အားကစားနှင့် ကာယပညာဦးစီးဌာနမှ သိမ်းဆည်းထားတဲ့ မြေဧရိယာ(၀.၃၈၄)ဧက စုစုပေါင်း (၂၃၈.၀၃၄)ဧက၊ ဘုတ်ပြင်းမြို့နယ်အတွင်း တပ်ရင်းတပ်ဖွဲ့များမှ သိမ်းဆည်းထားတဲ့ မြေဧရိယာ (၂၀၁.၁၁) ဧကတို့ကို မူလပိုင်ရှင်များသို့ ပြန်လည် လွှဲပြောင်းပေးအပ်ထားပြီးဖြစ်ကြောင်း သိရှိရပါတယ်။ (ခ) ကော့သောင်း ခရိုင်အတွင်း မူလသိမ်းဆည်းမြေ ဧရိယာစုစုပေါင်း (၈၈၂.၃၃၅)ဧကအနက် ကာကွယ်ရေးဝန်ကြီးဌာန နှင့် အခြားဝန်ကြီးဌာနများမှ အသုံးပြုရန်လိုအပ်၍ မစွန့်လွှတ်သည့် မြေဧက (၄၄၃.၁၉၁)ဧကဖြစ်ပြီး မူလပိုင်ရှင် တောင်သူများနှင့် ဌာနဆိုင်ရာများ၏ လက်ဝယ်သို့ ပြန်လည်စွန့်လွှတ်ပေးခဲ့သော မြေ ဧရိယာမှာ (၄၃၉.၁၄၄)ဧကဖြစ်ပါကြောင်းနှင့် ဒေသခံပြည်သူများမှ နစ်နာဆုံးရှုံးမှုနှင့် ပတ်သက်သည့် တိုင်ကြားစာများကို မြို့နယ်လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေး

ကော်မတီမှ စိစစ်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း သိရှိရပါတယ်။ (ဂ) မြေမဲ့၊ ယာမဲ့ဖြစ်နေတဲ့ ဒေသခံပြည်သူများနဲ့ရွှေ့ပြောင်းလုပ်သားများအတွက် မြေယာများမျှဝေပေးနိုင်ခြင်းနဲ့ ပတ်သက်ပြီး ကော့သောင်းခရိုင်၊ ဘုတ်ပြင်းမြို့နယ်၊ ကရသူရိမြို့ အမှတ်(၁)ရပ်ကွက်နှင့် အမှတ်(၂)ရပ်ကွက်တို့အတွင်း မြေဧရိယာ(၁၀.၃၉)ဧကနှင့် မ,သေကျေးရွာ အုပ်စုအတွင်း မြေဧရိယာ (၁၃၀)ဧကခန့်တို့ကို မြေမဲ့၊ ယာမဲ့များအတွက် နေရာချထားပေးနိုင်ရေး ရှာဖွေဖော်ထုတ်ထားရှိပြီး ဖြစ်ပါကြောင်း၊ မြေမဲ့၊ ယာမဲ့ဖြစ်နေတဲ့ ဒေသခံပြည်သူများနဲ့ရွှေ့ပြောင်းလုပ်သားများအနေဖြင့် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများမှာ တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေးလုပ်ငန်းများအတွက် လျှောက်ထားလာပါက ၂၀၁၂ ခုနှစ်၊ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ညွှန်ကြားချက်များနှင့်အညီ စနစ်တကျ ခွင့်ပြုဆောင်ရွက်ပေးလျက်ရှိတယ်လို့ သိရှိရပါတယ်။ (ဃ) ပြုန်းတီးသွားပြီဖြစ်တဲ့ သဘာဝသစ်တောတွေကို ဒေသခံပြည်သူများ တစ်နိုင်တစ်ပိုင် စိုက်ပျိုးနိုင်ရေးအတွက် ကော့သောင်းမြို့နယ်အတွင်းမှာ အစုအဖွဲ့(၄)ဖွဲ့မှ သစ်တောစိုက်ခင်း (၁၁၆.၃၅)ဧကကို စိုက်ပျိုးထားရှိပြီး ဖြစ်ပါကြောင်းနှင့် သစ်တောစိုက်ခင်းများ တစ်နိုင်တစ်ပိုင် စိုက်ပျိုးခြင်းအနေဖြင့် သစ်တောဦးစီးဌာနမှ လူထုဖြန့်ပျိုးပင်များအဖြစ် နှစ်စဉ် ဖြန့်ဝေစိုက်ပျိုးသွားနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါတယ်။

(င) ဆီအုန်းစိုက်ခင်းအတွင်းမှာရှိတဲ့ စမ်းချောင်းများကို ရေစီးရေလာ ဟန့်တားနှောင့်ယှက်တဲ့ ပိတ်ပင်ထားမှုများ ပြုလုပ်လာပါက စမ်းချောင်းများအတွင်းမှာ နုန်းပို့ချမှုများဖြစ်လာပြီး ချောင်းများတိမ်ကောပျက်စီးမှုဖြစ်ပေါ်လာနိုင်သဖြင့် ပိတ်ဆို့တားဆီးမှု မပြုလုပ်ဘဲ ဒေသခံပြည်သူများနှင့် ကုမ္ပဏီများသို့ ထိန်းသိမ်းစောင့်ရှောက်ခွင့်ပေးနိုင်ပါကြောင်း၊ ရေအရင်းအမြစ်ဖြစ်တဲ့ စမ်းချောင်းများမှ ဆီအုန်းစိုက်ခင်းအတွင်းမှာရှိသောကြောင့် ထိန်းသိမ်းစောင့်ရှောက်ရန်အတွက် မြို့နယ်အုပ်ချုပ်ရေးမှူး၊ ရပ်ကွက် အုပ်ချုပ်ရေးမှူး၊ ဒေသခံပြည်သူများ၊ သက်ဆိုင်ရာ ကုမ္ပဏီများနှင့် ပူးပေါင်းညှိနှိုင်းပြီး စမ်းချောင်းအပါအဝင် သဘာဝပတ်ဝန်းကျင်များကို ထိန်းသိမ်းစောင့်ရှောက်လျက်ရှိပါတယ်လို့ တင်ပြလာပါတယ်။ (စ) ကျေးရွာများအတွက်လိုအပ်တဲ့ စားကျက်မြေ၊ အားကစားကွင်းများ၊ စာသင်ကျောင်းများဆောက်လုပ်ရန် မြေနေရာများနှင့်စပ်လျဉ်းပြီး မြေယာများ ထပ်မံလိုအပ်ပါကလည်းပဲ အသုံးပြုမည့် မြေအမျိုးအစားများပေါ်မှာမူတည်ပြီး သက်ဆိုင်ရာဌာနများရဲ့ လုပ်ထုံးလုပ်နည်းနှင့်အညီ စိစစ်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်းတနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ ဖြေကြားချက်ကို ဖြေကြားအပ်ပါတယ်။

ဆက်လက်ပြီးတော့သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနရဲ့ ဖြေကြားချက်ကို တင်ပြမှာဖြစ်ပါတယ်။ သစ်တောဖုံးလွှမ်းမှုဧရိယာ တိုးတက်ရေး၊ သစ်တောပြုစုထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်၍ သစ်တောစိုက်ခင်းများ တည်ထောင်ရေးနဲ့ ပြုစုထိန်းသိမ်းရေး၊ သဘာဝတောများ အဆင့်အတန်းမြင့်မားရေးတို့အတွက် ၂၀၁၆ ခုနှစ်၊ ဇွန်လ ၁၃ ရက်နေ့မှ ၁၄ ရက်နေ့အထိ သစ်တောများ ပြန်လည်တည်ထောင်ခြင်း အစီအစဉ်ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲတွေကို ကျင်းပပြီး ဆွေးနွေးချက်ရလဒ်(၂၀)ကို ဖော်ထုတ်ပြီး မြန်မာနိုင်ငံတစ်ဝန်းမှာရှိတဲ့ တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးမှာရှိတဲ့ သစ်တောများ ပြန်လည်ထူထောင်ခြင်း အစီအစဉ်ကို (၅)နှစ်စီမံကိန်း (၂)ကြိမ်အဖြစ်နဲ့ ၂၀၁၇-၂၀၁၈ ခုနှစ်မှ ၂၀၂၆-၂၀၂၇ ခုနှစ်အထိ စီမံကိန်းရေးဆွဲပြီး အကောင်အထည်ဖော်ဆောင်ရွက်သွားမှာဖြစ်ရာ အဆိုပါ စီမံကိန်းလုပ်ငန်းစဉ်များအတွက် ကော့သောင်းခရိုင်အတွင်းမှာ

ပြန်လည်သိမ်းဆည်းခဲ့တဲ့ ဆီအုန်းစိုက်ပျိုးမြေများအပေါ်မှာရှိတဲ့ သဘာဝအတိုင်း သစ်တောပြန်လည်ဖြစ်ထွန်းရန် ခက်ခဲ့တဲ့နေရာတွေမှာ သစ်တောစိုက်ခင်းများ တည်ထောင်ခြင်းအပါအဝင် သစ်တောပြုစုထိန်းသိမ်းခြင်းလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်သွားမှာဖြစ်ပြီး ဒေသခံပြည်သူ အစုအဖွဲ့ပိုင်တဲ့ သစ်တောတည်ထောင်ခြင်းလုပ်ငန်း အပါအဝင် ပြည်သူနဲ့ ပူးပေါင်းဆောင်ရွက်မည့် လုပ်ငန်းစဉ်များ ဆောင်ရွက်လျက်ရှိပါကြောင်း သိရှိရပါတယ်။

ဆက်လက်ပြီး ပြည်ထဲရေးဝန်ကြီးဌာနရဲ့ ဖြေကြားချက်ကို တင်ပြမှာဖြစ်ပါတယ်။ တနင်္သာရီတိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ၂၂-၄-၂၀၁၆ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၂/၂၀၁၆ ဖြင့် ကျေးရွာများအတွက် လိုအပ်နေတဲ့ စာသင်ကျောင်းဆောက်လုပ်ရန်အတွက် ကော့သောင်းမြို့နယ်မှာ စားကျက်မြေအတွင်း ကျရောက်နေတဲ့ မလိဝမ်း အထက်တန်းကျောင်းမြေဧရိယာ (၆.၂၆) ဧကကို အောက်မြန်မာနိုင်ငံ မြေနှင့်အခွန်နည်းဥပဒေ ၆၈ နှင့်အညီ စားကျက်မြေအဖြစ်မှ ပယ်ဖျက်ခွင့်ပြုပြီးဖြစ်ကြောင်း တင်ပြလာပါတယ်။

ဆက်လက်၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနရဲ့ဖြေကြားချက်ကို တင်ပြမှာ ဖြစ်ပါတယ်။ တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့် အားကစားကွင်းများ၊ ခရိုင်နှင့်မြို့နယ်အဆင့် အားကစားကွင်းများကို ပြည်ထောင်စုနှင့် တိုင်းဒေသကြီး၊ ပြည်နယ် ငွေလုံးငွေရင်း ခွင့်ပြုရန်ပုံငွေများမှာ တင်ပြတောင်းခံ ဆောင်ရွက်ပေးလျက်ရှိပြီး ရပ်ကွက်နှင့်ကျေးရွာအဆင့် အားကစားကွင်းများကို သက်ဆိုင်ရာမြို့နယ်ဒေသအာဏာပိုင်များနဲ့ ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိတယ်လို့ တင်ပြလာပါတယ်။ သို့ဖြစ်တဲ့အတွက် တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)က အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာခင်မောင်ဝင်း ရဲ့ တနင်္သာရီတိုင်းဒေသကြီး၊ ကော့သောင်းခရိုင် အတွင်းမှာရှိတဲ့ ဒေသခံပြည်သူများရဲ့ ဥယျာဉ်ခြံမြေသိမ်းဆည်းခံ နစ်နာဆုံးရှုံးမှုများကို ပြန်လည်ပေးခြင်း သို့မဟုတ် နစ်နာကြေးပေးခြင်း ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ၊ မြေယာမဲ့ဖြစ်နေတဲ့ ဒေသခံပြည်သူများနှင့် ရွှေ့ပြောင်းလုပ်သားများအတွက် မြေယာများ မျှဝေပေးနိုင်ခြင်းရှိ/မရှိ၊ ပြုန်းတီးသွားပြီဖြစ်တဲ့ သဘာဝသစ်တောများကို ဒေသခံပြည်သူများနှင့် တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး မည်ကဲ့သို့ အကောင်အထည်ဖော်ဆောင်ရွက်မည်၊ ဆီအုန်းစိုက်ခင်းများ အတွင်းမှာရှိတဲ့ စမ်းချောင်းများကို ဒေသခံပြည်သူများနဲ့ ကုမ္ပဏီပူးပေါင်းထိန်းသိမ်းဆောင်ရွက်ပေးခွင့် ရှိ/မရှိနဲ့ ပတ်သက်တဲ့မေးခွန်း၊ လိုအပ်နေတဲ့ စားကျက်မြေများကို အားကစားကွင်းများ၊ စာသင်ကျောင်းများ ဆောက်လုပ်ရန်နဲ့ စပ်လျဉ်းတဲ့ မေးခွန်းနဲ့ပတ်သက်ပြီး သိမ်းဆည်းခံ လယ်မြေများကို မူလပိုင်ရှင်များသို့ ပြန်လည်လွှဲအပ်ပေးလျက်ရှိပါကြောင်းနှင့် မြေယာမဲ့ ဒေသခံပြည်သူများ၊ ရွှေ့ပြောင်းလုပ်သားများအတွက်လည်း ၂၀၁၂ ခုနှစ်၊ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေ၊ နည်းဥပဒေများနှင့်အညီ စနစ်တကျ ခွင့်ပြုဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ဒေသခံပြည်သူ အစုအဖွဲ့ပိုင်တဲ့ သစ်တောစိုက်ခင်းများ ထူထောင်ပေးလျက်ရှိပါကြောင်း၊ ဆီအုန်းခြံများ အတွင်းမှာရှိတဲ့ စမ်းချောင်းများကို မြို့နယ်၊ ရပ်ကွက်နှင့်ဒေသခံပြည်သူများ၊ ကုမ္ပဏီများ ပူးပေါင်းပြီး ထိန်းသိမ်းစောင့်ရှောက်လျက်ရှိပါကြောင်းနှင့် ကျေးရွာများအတွက် လိုအပ်တဲ့စားကျက်မြေ၊ အားကစားကွင်းများ၊ စာသင်ကျောင်းများဆောက်လုပ်ရန် မြေနေရာများ တည်ရှိပြီး ဖြစ်ပါကြောင်း ထပ်မံလိုအပ်ပါကလည်း အသုံးပြုမည့်မြေ၊ လိုအပ်သည့်ဧရိယာပေါ်မှာ မူတည်ပြီး သက်ဆိုင်ရာဌာန

များရဲ့ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စီစဉ်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

ဆက်လက်၍ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)က အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုးဝင်း ရဲ့ ကြယ်ပွင့်ပြမေးခွန်းကို ဖြေကြားမှာဖြစ်ပါတယ်။ ဦးစိုးဝင်း က ရရှိထားတဲ့ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ(၇)မှာ အသစ်ဖြစ်နေသည့်အတွက် စိုက်ပျိုးစရိတ်ချေးငွေများ မရရှိနိုင်ဖြစ်နေခြင်း၊ စိုက်ပျိုးစရိတ်ချေးငွေများထုတ်ချေးရာတွင် ပုံစံ(၇)ပါ ဧကများအတိုင်းချေးငွေများထုတ်ချေးမပေးခြင်းများနှင့် စပ်လျဉ်းတဲ့ကြယ်ပွင့်ပြမေးခွန်းအပေါ်မှာ ဝန်ကြီးဌာနအနေနဲ့ ပြန်လည်ဖြေကြားမှာဖြစ်ပါတယ်။ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ဟာ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ချေးငွေရန်ပုံငွေအတွက် တိုင်းဒေသကြီး၊ ပြည်နယ်များ၏ လျာထားချက်အရ ကျပ် (၁၇၇၆)ဘီလီယံ၊ ချေးငွေရယူ ခွင့်ပြုရန် တင်ပြခဲ့သော်လည်းပဲ ကျပ် ဘီလီယံ(၁၇၀၀)ကိုသာ ခွင့်ပြုချက်ရရှိခဲ့တာဖြစ်ပါတယ်။ မူလလျာထားတင်ပြချက်ထက်လျော့နည်း၍ ခွင့်ပြုချက်ရရှိခဲ့ခြင်းဖြစ်သဖြင့် မြို့နယ်အလိုက် ငွေထုတ်ချေးတဲ့နေရာမှာ ရန်ပုံငွေ အခြေအနေအရ စိစစ်ထုတ်ချေးခြင်းလုပ်ငန်းကိုလည်းပဲ ဆောင်ရွက်ခဲ့ရပါတယ်။ သို့ရာတွင် ချေးငွေစိစစ်ရေးအဖွဲ့များမှ ထောက်ခံတင်ပြလာတဲ့ ပုံစံ(၇)ရှိသော တောင်သူလယ်သမားအသစ်များအား ဖြစ်နိုင်သရွေ့လည်းပဲ စိစစ်ထုတ်ချေးပေးခဲ့တဲ့နေရာမှာ ရခိုင်ပြည်နယ်တစ်ခုလုံးအနေနှင့် ၂၀၁၆ မိုးချေးငွေမှာ ငွေချေးယူသူ လူသစ် (၁၀၅၄၆)ဦးကို ချေးငွေထုတ်ချေးပေးနိုင်ခဲ့ပြီး ဖြစ်ပါတယ်။ သံတွဲခရိုင်မှာလည်းပဲ လူသစ်(၆၉၁)ဦးကို ၂၀၁၆ မိုးချေးငွေမှာ ထုတ်ချေးပေးနိုင်ပါကြောင်း ပြည်နယ်ဘဏ်ခွဲများမှ တင်ပြချက်အရ သိရှိရပါတယ်။

ရခိုင်ပြည်နယ်အမျိုးသားလွှတ်တော် မဲဆန္ဒနယ်အမှတ်(၁၂)မှာပါဝင်တဲ့ သံတွဲနှင့် ဂွမြို့နယ်ဘဏ်ခွဲများသည် ချေးငွေစည်းကမ်းချက်များနှင့် ကိုက်ညီပါက ၂၀၁၆ မိုးချေးငွေကို ပုံစံ(၇)ပါ ဧကအတိုင်း အပြည့်အဝ ထုတ်ချေးပေးခဲ့ကြောင်း၊ တောင်ကုတ်မြို့နယ် ဘဏ်ခွဲမှာမူ ပြည်နယ်အတွင်းကောက်ခံရေး လွန်စွာအားနည်းသည့်မြို့နယ်ဖြစ်ပြီး အချိန်စေ့ရောက်ပြီး တောင်သူများ မပေးဆပ်သေးတဲ့ ကြွေးကျန်များအဖြစ် ၂၀၁၄ မိုးကြွေးကျန် ကျပ်သိန်းပေါင်း(၉၉၀)ကျော်နဲ့ ၂၀၁၅ မိုးကြွေးကျန်ကျပ်(၄၉)သိန်းကျော် ကျန်ရှိနေပါတယ်။ သို့ပါ၍ ကောက်ခံရေး အစဉ်အလာ ပြန်လည်ကောင်းမွန်လာစေရန်ဒဏ်တိုးထိသည့်အခြေအနေမထိရောက်စေဘဲ သတ်မှတ်ကာလအတွင်း ပြေကျေစွာ ပေးဆပ်နိုင်မှုစွမ်းရည်ရရှိလာနိုင်ရေးအတွက် ယခင်နှစ် ၂၀၁၅ မိုးချေးငွေကို သတ်မှတ်ရက်အတွင်း တာဝန်ကျေစွာပေးဆပ်သူများကို ပုံစံ(၇)ပါဧကအတိုင်း အပြည့်အဝထုတ်ချေးပေးခဲ့ပြီး နောက်ကျပေးဆပ်သူများကို ယခင်နှစ် ၂၀၁၅ မိုးချေးခဲ့သည့် ဧကအတိုင်းသာ ငွေချေးပေးခဲ့တယ်လို့ သိရပါတယ်။

ယင်းကိစ္စကို ငွေချေးတဲ့လုပ်ငန်းကို မြို့နယ်ချေးငွေစိစစ်ရေးအဖွဲ့ထံ တင်ပြဆွေးနွေးပြီး အစည်းအဝေး ဆုံးဖြတ်ချက်များအရ ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်းနှင့် ချေးငွေစိစစ်ရေးအဖွဲ့များမှ ထောက်ခံတင်ပြလာသည့် ပုံစံ(၇)ရှိတဲ့ တောင်သူလယ်သမားအသစ် စုစုပေါင်း(၃၀၀)ကိုလည်းပဲ ၂၀၁၆၊ မိုးချေးငွေမှာ ထုတ်ချေးခဲ့ပါကြောင်း တောင်ကုတ်မြို့နယ်ဘဏ်ခွဲမှ တင်ပြထားပါကြောင်း ပြန်ကြားအပ်ပါတယ်။ မြန်မာ့လယ်ယာမြေဖွံ့ဖြိုးရေးဘဏ်ရဲ့ အနေအထားလေးကို ဆက်လက်ပြီးတော့ တင်ပြလိုပါတယ်။ မြန်မာ့လယ်ယာမြေဖွံ့ဖြိုးရေးဘဏ်ဟာ နိုင်ငံတော်ဘဏ်ဖြစ်သော်လည်းပဲ နိုင်ငံတော်ရဲ့ ထည့်ဝင်သည့် မတည်ရင်းနှီးငွေဟာ ကျပ်(၉)ဘီလီယံကျော်သာရှိတဲ့ ဘဏ်တစ်ခုဖြစ်ပါတယ်။ ကျပ်(၉)

ဘီလီယံကျော်သာရှိတဲ့ ဒီဘဏ်အနေနဲ့ တောင်သူလယ်သမားများကို ထုတ်ချေးပေးရန်အတွက် လိုအပ်တဲ့ ကျပ်(၁၇၀၀)ဘီလီယံကို မြန်မာ့စီးပွားရေးဘဏ်မှနေပြီး အတိုးနဲ့ချေးယူပြီးတော့ လုပ်ငန်း ဆောင်ရွက်နေရခြင်းဖြစ်ပါတယ်။ မြန်မာ့စီးပွားရေးဘဏ် ချေးငွေကို ချေးယူပြီးတဲ့နောက်မှာ ပေးဆပ် ချိန် မကျရောက်တဲ့အတွက် တောင်သူလယ်သမားများက ပေးဆပ်ခြင်း မပြုသေးသည်ဖြစ်စေ၊ ပေးဆပ် ချိန်ရောက်သော်လည်းပဲ မပေးဆပ်သေးသည်ဖြစ်စေ၊ ဘဏ်အနေနဲ့ မြန်မာ့စီးပွားရေးဘဏ်ကို (၃)လ တစ်ကြိမ် အတိုးပေးဆပ်နေရပါတယ်။ မိမိဝန်ကြီးဌာနအောက်မှာရှိတဲ့ မြန်မာ့လယ်ယာမြေဖွံ့ဖြိုးရေး ဘဏ်အနေဖြင့် မြန်မာ့စီးပွားရေးဘဏ်မှ ချေးငွေရရှိမှုအပေါ်မှာမူတည်ပြီးတော့ ဆောင်ရွက်နေရ ခြင်းဖြစ်တဲ့အတွက် နှောင့်နှေးကြန့်ကြာမှုများ ဖြစ်ပေါ်ခဲ့တာတွေကိုလည်း တွေ့ရှိရပါတယ်။ သို့ဖြစ်တဲ့ အတွက် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်အနေနဲ့ နိုင်ငံတော်က ခွင့်ပြုပေးနိုင်တဲ့ ရန်ပုံငွေဘောင် အတွင်းကနေ ချေးငွေလုပ်ငန်းများ အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရေးအတွက် ပိုမိုကောင်းမွန် စေရန် နိုင်ငံတော်အနေနဲ့ ဘဏ်ရဲ့ဖွဲ့စည်းပုံကို ပြောင်းလဲဆောင်ရွက်ရန် အစီအစဉ်များ ချမှတ် ဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်း ဖြေကြားအပ်ပါတယ်။

နောက်ဆုံးမေးခွန်းဖြစ်တဲ့ မွန်ပြည်နယ် အမှတ်(၉)မဲဆန္ဒနယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါက်တာဇော်လင်းထွဋ် ရဲ့ မေးခွန်းကို ဖြေကြားမှာဖြစ်ပါတယ်။ ဒေါက်တာ ဇော်လင်းထွဋ် အနေနဲ့ ကျေးလက်ဒေသဖွံ့ဖြိုးရေးမှာ စိတ်ပါဝင်စားစွာဖြင့် ကျေးရွာတွေကို ကွင်းဆင်း ပြီးမေးမြန်းတဲ့အတွက် အထူးပင် ကျေးဇူးတင်ကြောင်း တင်ပြလိုပါတယ်။ မွန်ပြည်နယ်၊ သထုံမြို့နယ်၊ အုပ်ဖိုချောင်ကျေးရွာအုပ်စု၊ အုပ်ဖိုချောင်ကျေးရွာအရှေ့ဘက် သရက်တောရွာကိုဖြတ်ပြီး ရန်ကုန်- မော်လမြိုင်လမ်းမကြီးကို ဆက်သွယ်တဲ့ အုပ်ဖိုချောင်-သရက်တောလမ်းရဲ့ လက်ရှိအခြေအနေမှာ မိုးရာသီ သီးနှံစိုက်ပျိုးချိန်မှာ အသုံးပြု၍မရဘဲ ကျန်ရာသီမှာ ကုန်ထုတ်လမ်းအဖြစ် အသုံးပြုနိုင်တဲ့ အရှည်(၅)မိုင် (၄)ဖာလုံရှိတဲ့ ကွင်းလမ်းအကြောင်းဖြစ်ပါတယ်။ အဆိုပါလမ်းအရှည် (၅)မိုင် (၄) ဖာလုံမှာ ရန်ကုန်-မော်လမြိုင်လမ်းမကြီးမှ သရက်တောကျေးရွာအုပ်စုအထိ အရှည်(၅)မိုင်မှာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနပိုင် ဖြစ်ပါတယ်။ ဖော်ပြထားတဲ့ ကျန်သရက်တော-အုပ်ဖိုချောင် လမ်း အရှည်(၄)ဖာလုံကတော့ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီး ဌာနပိုင်လမ်း ဖြစ်ပါတယ်။ သရက်တောကျေးရွာအုပ်စုမှ ရန်ကုန်-မော်လမြိုင်လမ်းမကြီးအထိ အရှည် (၅)မိုင်ကို (၁၈)ပေအကျယ် မြေသားလမ်းဆောင်ရွက်ပါက ငွေကျပ်(၉၀)သန်းခန့် ကုန်ကျမှာဖြစ်ပြီး ကျေးရွာ(၃)ရွာ၊ အိမ်ခြေ(၁၆၅)မှာရှိတဲ့ လူဦးရေ(၇၄၄)ဦးတို့ကို အကျိုးပြုမှာလည်း ဖြစ်ပါတယ်။ ရာသီမရွေး သွားလာနိုင်တဲ့လမ်း ဖောက်လုပ်မည်ဆိုပါက ကျေးရွာက လယ်သမား(၃၀)ဦးခန့်နဲ့ ညှိနှိုင်း ဆောင်ရွက်ပေးဖို့လည်း လိုအပ်မှာဖြစ်တယ်။ လယ်ပိုင်ဆိုင်မှုပြဿနာများကြောင့် ဖြစ်ပါတယ်။

မွန်ပြည်နယ်အတွင်းမှာကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရဲ့၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေကျပ်(၃၅၃၄.၉၈၅)သန်းနဲ့ ကွန်ကရစ်လမ်း(၁၈)မိုင်(၅)ဖာလုံ၊ ကတ္တရာ လမ်း (၁၃)မိုင်(၁)ဖာလုံ၊ ကျောက်ချောလမ်း(၄)မိုင် (၄)ဖာလုံ၊ မြေသားလမ်း(၂)မိုင်၊ ကွန်ကရစ်တံတား (၁၁)စင်း၊ သစ်သားတံတား(၁)စင်းတို့ကို လျာထားဆောင်ရွက်လျက် ရှိပါတယ်။ သထုံမြို့နယ်မှာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရဲ့ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေကျပ် သန်းပေါင်းကတော့ (၂၈၁.၈၂၅)သာ ခွင့်ပြုမှုရရှိတဲ့အတွက် ကတ္တရာလမ်း(၁)မိုင်၊ ကျောက်ချောလမ်း

(၂)မိုင် (၄)ဖာလုံတို့သာ လျှာထားဆောင်ရွက်နိုင်တာ ဖြစ်ပါတယ်။ ပြည်ထောင်စုအဆင့်အနေဖြင့်လည်း လမ်းတံတားဆိုင်ရာစီမံကိန်းများကို Master Plan များအရရေးဆွဲပြီး ဦးစားပေးလုပ်ငန်းများအပေါ်မှာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးလျက် ရှိပါတယ်။ အမျိုးသား လွှတ်တော်ကိုယ်စားလှယ် မေးမြန်းလာတဲ့ သထုံမြို့နယ်အတွင်းမှာရှိတဲ့ ရန်ကုန်-မော်လမြိုင်လမ်းမကြီး မှ သရက်တောကျေးရွာအုပ်စုထိ အရှည်(၅)မိုင် မြေသားလမ်းဟာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရဲ့ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် မှာ ပါဝင်ခြင်းမရှိခဲ့ပါ၍ လတ်တလောအားဖြင့် ဆောင်ရွက်ပေးနိုင်ခြင်း မရှိပါကြောင်းနှင့် နှစ်အလိုက် ပြည်နယ်နှင့် တိုင်းဒေသကြီးများရဲ့ ဦးစားပေး လျာထားတင်ပြမှုအပေါ်မှာ မူတည်ပြီး လျာထား ဆောင်ရွက်ပေးသွားမည်ဖြစ်တဲ့အကြောင်း ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၁း၀၁။**

**ဦးမင်းဦး၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)။** ။ဆက်စပ်မေးခွန်း မေးခွင့်ပြုတဲ့ ဥက္ကဋ္ဌကြီးကို ကျေးဇူးတင်ပါတယ်။ ကျွန်တော်တို့ ဒီ ဆီဆိုင်များနဲ့ပတ်သက်လို့ရှိရင် ကျွန်တော့် မဲဆန္ဒနယ်တစ်ခုတည်း မဟုတ်ပါဘူး။ တစ်နိုင်ငံလုံးမှာ ကျွန်တော်တို့ ဒီကိုယ်စားလှယ်များက ထောက်ပြတဲ့ အချိန်မျိုးမှသာလျှင် ကျွန်တော်တို့ ကန့်ကွက်စာထုတ်တာတို့၊ တားမြစ်စာထုတ်တာတို့က ကြုံတွေ့နေတာပါ။ သက်ဆိုင်ရာ ကျွန်တော်တို့ ဒီ ဆီရောင်းချခွင့်ရသော်လည်းပဲ လယ်ယာမြေမှာ အခြားမြေ သုံးစွဲခွင့်မရဘဲနဲ့ ဆီဆိုင်တွေ ဆောက်လုပ်ပြီး ရောင်းချနေတာတွေလည်း အများကြီးရှိပါတယ်။ အဲဒီတော့ ကျွန်တော့်အနေနဲ့ သိချင်တာက ဒီလယ်ယာမြေဥပဒေ အခန်း(၄)၊ ပုဒ်မ ၁၂ မှာ ကျွန်တော်တို့ ဒီသတ်မှတ်ချက်(၁၀)ခုရှိပါတယ်။ အဲဒီ(၁၀)ခုထဲမှာဆိုလို့ရှိရင် (စ)နဲ့(ဆ)နဲ့က လယ်ယာမြေလုပ်ကိုင် ခွင့် ရရှိတဲ့သူက သက်ဆိုင်ရာ လယ်ယာမြေ စီမံခန့်ခွဲရေးအဖွဲ့က တရားဝင် ချထားခြင်းမရှိဘဲ ကျူးကျော်လုပ်ကိုင်ခြင်းမပြုရ ဆိုတာနဲ့လည်း ငြိပါတယ်။ နောက် (ဆ)မှာ လယ်ယာမြေကို ခွင့်ပြု မိန့်မရရှိပဲ အခြားနည်းသုံးစွဲခွင့်မပြုရ ဆိုတာလည်းပဲ ငြိစွန်းပါတယ်။ အဲဒီနောက်မှာ ကျွန်တော်တို့က ဒီအခန်း(၇)မှာ စည်းကမ်းချက်များကို လိုက်နာနိုင်ရန် ပျက်ကွက်က အရေးယူဆောင်ရွက်ဖို့ ပုဒ်မ ၁၉ ဆိုတာ ပြဋ္ဌာန်းထားတာ ရှိပါတယ်။ အဲဒီ ပုဒ်မ ၁၉ မှာလည်း ပုဒ်မ ၁၂ ပါ စည်းကမ်းချက်များအားလုံးကို ဖြစ်စေ၊ အဲဒီစည်းကမ်းချက်တွေထဲက တစ်ချက်ချက်ကို လိုက်နာရန်ပျက်ကွက်လျှင်ဖြစ်စေ၊ အချက် (၄)ချက် ပေးထားတာရှိပါတယ်။ အဲဒီတော့ ပုဒ်မ ၁၉ မှာ ၁၂ နဲ့ စည်းကမ်း ကျွန်တော်တို့ ဖောက်ဖျက် တယ်၊ ၁၉ နဲ့ အရေးယူမယ်။ အဲဒါကိုမှ မလိုက်နာရင် ပုဒ်မ ၂၀ နဲ့ ကျွန်တော်တို့က ပုဒ်မ၂၀၊ ပုဒ်မ ၁၉ပါ လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သည် ယင်းပုဒ်မအရ ချမှတ်ထားသောအမိန့်ကို လယ်ယာမြေလုပ်ပိုင်ခွင့် ရရှိသူက လိုက်နာခြင်းမရှိလျှင် ယင်းအမိန့်ပါ သတ်မှတ်ကျော်လွန်ပါက သက်ဆိုင်ရာ တရားရုံးကို ဦးတိုက်လျှောက်ထားရမယ်လို့ အတိအလင်း ပြဋ္ဌာန်းထားတာရှိပါတယ်။ အဲ့ဒီတော့ ကျွန်တော်တို့ ဒီ ဝန်ကြီးအနေနဲ့လည်း ၂၀၁၆ ခုနှစ်၊ မတ်လမှာ ဒီမြို့နယ် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီး ဌာနကနေပြီးတော့ တားမြစ်စာထုတ်တယ်လို့ ပါ ပါတယ်။ ဒါဆိုလို့ရှိရင် ကျွန်တော့်ရဲ့ Power point အရလည်း ဒီ ၁၂ အရလည်း ဖောက်ဖျက်ပါတယ်။ ၁၉ အရလည်း ဖောက်ဖျက်ပါတယ်။ ဒါဆိုရင် ၂၀

အရ ကျွန်တော်တို့ ဆောင်ရွက်နိုင်ခြင်းမရှိတာဟာ (၈)လအတွင်းမှာ (၂၀)အရ ဆောင်ရွက်နိုင်ခြင်း မရှိပါဘူး။

ဒါဆိုလို့ရှိရင် ကျွန်တော်တို့ သတ်မှတ် စည်းမျဉ်း စည်းကမ်းများအတိုင်း ကျွန်တော်တို့ (၈) လအတွင်းမှာ သက်ဆိုင်ရာတရားရုံးအထိ ဦးတိုက်လျှောက်ထားနိုင်ခြင်း မရှိတာဟာ ဘာကြောင့်ပါလဲ။ နောင်ဒါမျိုး ကျွန်တော်တို့က ဥပဒေရှိရဲ့သားနဲ့ ဒီဥပဒေ အဆင့်ဆင့်အတိုင်းပဲ အချိန်နဲ့တစ်ပြေးညီ ဆောင်ရွက်သွားဖို့ ဘယ်လိုများအစီစဉ်ရှိပါသလဲဆိုတာ ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းအပ်ပါတယ်။

**အချိန်၊ ၁၁း၀၃။**

**ဒေါက်တာအောင်သူ (ပြည်ထောင်စုဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ အခုလို ထပ်ဆင့်မေးခွန်းမေးခဲ့အတွက် အထူးပင်ကျေးဇူးတင်ပါတယ်။ ကျွန်တော်တို့ မေးခွန်းကတော့ အခု သက်ဆိုင်ရာမေးခွန်းကိုပဲ ကျွန်တော် ဖြေကြားပေးလိုက်တာ ဖြစ်ပါတယ်။ ဤကဲ့သို့ အလားတူများဆောင်ရွက်မယ့်အစီအစဉ် မေးခွန်းများသည် နောက်လွှတ်တော်မေးခွန်းများမှာ မြောက်မြားစွာဖြေဖို့ အရန်သင့်ရှိပါတယ်။ ဒါပေမဲ့ ဒီမေးခွန်းကိုလည်း အရင်ဖြေရမယ့် မေးခွန်းများထက် အခုကြိုတင်ပြီးတော့ ဦးမင်းဦး မေးတဲ့မေးခွန်းကို ကျွန်တော် ဖြေကြားသွားမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ဒီ လယ်ယာမြေနဲ့ပတ်သက်လို့ အဖွဲ့အစည်းများကိုဖွဲ့ခဲ့တာ နိုင်ငံတော်အနေနဲ့ အစိုးရသစ်တက်ပြီး ဩဂုတ်လမှာ အသစ် ပြန်လည်ဖွဲ့စည်းခဲ့ပါတယ်။ ဖွဲ့စည်းပြီးတဲ့နောက်မှာ ဒီအရပ်ရပ်အကြိမ်ကြိမ် အစည်းအဝေးတွေခေါ်ယူပြီးတော့ ဆောင်ရွက်ခဲ့ပါတယ်။

အဲဒီလို ဆောင်ရွက်ပြီးတဲ့နောက်မှာ အခုလက်ရှိဆောင်ရွက်မယ့် အစီအစဉ်တွေက တိုင်းဒေသကြီးနှင့် ပြည်နယ်များကို ညွှန်ကြားတာသည် ပြီးခဲ့တဲ့ရက်ပိုင်းအတွင်းက အကုန်ညွှန်ကြားပြီးပါပြီ။ အခု တောင်းဆိုနေကြတဲ့၊ အများကလိုချင်နေကြတဲ့ တိုင်းဒေသကြီး ဝန်ကြီးချုပ်များက နေပြီးတော့ လယ်ယာမြေတွေကို စီမံခန့်ခွဲတာတွေကို ဥပဒေကြောင်းအရ စီမံခန့်ခွဲဖို့နဲ့ ယခင်က ဥပမာအားဖြင့် မြေလွတ်၊ မြေလပ်၊ မြေရိုင်းကို ပြောမယ်ဆိုပါစို့။ ဒီ မြေလွတ်၊ မြေလပ်၊ မြေရိုင်းဟာ ကျွန်တော်တို့ဆီမှာ Category ဘယ်နှစ်ခုလောက်ရှိလဲဆိုရင် (၅)မျိုးလောက်နဲ့ မြေလွတ်၊ မြေလပ်၊ မြေရိုင်းများကို စီမံခန့်ခွဲခဲ့တာကို တွေ့ရပါတယ်။ ဟို အရင်အစိုးရခေတ် အဆက်ဆက်ကတည်းက မြေလွတ်၊ မြေလပ်၊ မြေရိုင်းများစီမံခန့်ခွဲတဲ့ပုံစံတွေ ဖြစ်ပါတယ်။ လက်ရှိတည်ဆဲ ၂၀၁၂ ခုနှစ်မှာ ဖြစ်ပေါ်လာတဲ့ မြေလွတ်၊ မြေလပ်၊ မြေရိုင်းဆိုင်ရာဥပဒေများအရ ဆောင်ရွက်ဖို့ ပြင်ဆင်တဲ့နေရာမှာ ကျွန်တော်တို့အနေနဲ့ ဆောင်ရွက်လို့ရသောအစိတ်အပိုင်းများကို ဆောင်ရွက်ရန် ညွှန်ကြားချက် ထုတ်ပြီးပြီ ဖြစ်ပါတယ်။ အဆောတလျင်ဆောင်ရွက်ရန်ဖြစ်တဲ့အတွက် ဒီ မြေလွတ်၊ မြေလပ်၊ မြေရိုင်းကောင်းသည် ပထမဦးဆုံး ကျွန်တော်တို့ဝန်ကြီးဌာနအနေနဲ့ Data တွေ ပြည့်စုံအောင်ကောက်ရပါတယ်။

နယ်တစ်ခုတည်းမဟုတ်တဲ့အတွက် တစ်နိုင်ငံလုံးအတွက် စာရင်းဇယားကြီးက ထွက်ပြီးပါပြီ။ ထွက်ပြီးတဲ့အချိန်ကြမှ ကျွန်တော်တို့ရဲ့ နောက်ဆုံးအစည်းအဝေးပေါ့။ ပြီးခဲ့တဲ့ သောကြာနေ့က အစည်းအဝေးမှာ ကနေ့ကို ပြည်နယ်နှင့် တိုင်းအသီးသီးကို ဖြန့်ဝေပြီးဖြစ်ပါတယ်။ ဒါတွေကို မြေလွတ်၊ မြေလပ်၊ မြေရိုင်းတွေကို အသုံးချခြင်းမရှိရင် ပြန်လည်သိမ်းပိုက်နိုင်မယ်။ စောစောက မေးခွန်းတစ်ခု

တည်းမှာ ပါ ပါတယ်။ နိုင်ငံတော်မှာ Plan A ရှိသလို Plan B ရှိပါတယ်။ အချို့သော Plan များသည် ချပြလို့ မရသေးပါဘူး။ ဘာကြောင့် ချပြလို့မရသေးလဲဆိုရင် ခင်ဗျားတို့သိတဲ့အတိုင်းပါပဲ။ ကျူးကျော်တွေ မြေနေရာပေးမယ်ဆိုတော့ ကျူးကျော်တွေ ပိုများလာတဲ့ ပြဿနာမျိုးတွေရှိပါတယ်။ အဲဒီတော့ Plan A လေးတော့ ကျွန်တော်ကြေညာတဲ့အချက်ကလေးကို ပြောပါမယ်။ သက်ဆိုင်ရာမြေများ အသုံးပြုခဲ့တာသည် ပြည်နယ်နှင့် တိုင်းအသီးသီးသို့ ဆောလျင်စွာဆောင်ရွက်ရန်ဆိုတဲ့ ညွှန်ကြားချက်ကို တတ်နိုင်ရင် တစ်လအတွင်းမှာ ဒီဥပဒေကိုထွက်ပါတယ်။

နောက် ဒုတိယဥပဒေနဲ့ လိုက်လျောညီထွေမှု ရှိ/မရှိဆိုတဲ့အချက်ကလေးကို ကျွန်တော်တို့မှာ စဉ်းစားစရာ အချက်တစ်ချက်ရှိပါတယ်။ အဲဒါက ဘာလဲဆိုရင် လက်ရှိတည်ဆဲဥပဒေများသည် လိုက်လျောညီထွေ ရှိရဲ့လားဆိုတဲ့အချက်ပါ။ လိုက်လျောညီထွေရှိရဲ့လားဆိုတော့ ကျွန်တော်အခု ဘာလုပ်နေသလဲမေးရင် လက်ရှိတည်ဆဲဥပဒေများကို ပြင်ဆင်ဖို့ လုပ်နေပါတယ်။ လွှတ်တော်ကို ကျွန်တော်တို့ ပြန်ရောက်လာပါလိမ့်မယ်။ အဲဒါသည် သူရဦးရွှေမန်း ဦးဆောင်တဲ့ ဥပဒေရေးရာကိစ္စရပ်များစိစစ်ရေးအဖွဲ့ကနေ ပြင်ဆင်ဖို့ရာအချက်အလက်များ ကျွန်တော်တို့ ဝန်ကြီးဌာနကို ပေးလာပြီးဖြစ်ပါတယ်။ မည်သည့်အရာမဆို လုပ်တိုင်း၊ လုပ်တိုင်း လုပ်ပြီဟေ့၊ ပြင်ပြီးဟေ့ ဖြစ်လို့မရပါဘူး။ အချိန်ယူရတယ်။ အချိန်ကာလတစ်ခု ယူရတယ်။ Plan ချရမယ်။ Plan A က ဘာလုပ်မလဲ။ လယ်ယာမြေတွေကို ကျူးကျော်တယ်။ ကျူးကျော်တဲ့သူတွေကို ဖယ်တယ်။ ဘယ်လိုပေးတဲ့နေရာရှိလို့တုန်း။ ရှိလို့ဖယ်တာလား။

ဝန်ကြီးဌာနအနေနဲ့ Point of View ကကြည့်တဲ့အခါကြတော့ ကျွန်တော်တို့ရဲ့ Plan အမျိုးမျိုးချတဲ့အချိန်မှာ ကျွန်တော်တို့အနေနဲ့ ချတဲ့အချိန်မှာ သူတို့အတွက် နေရာတစ်နေရာ ချထားမယ့်အစီအစဉ်က ပူးတွဲပါမှဖြစ်မှာ။ ဖယ်လိုက်ပြီးတော့ နေချင်ရာနေ။ သွားချင်ရာသွား လုပ်လို့တော့ မရဘူး။ ဒါဟာ ကျွန်တော်တို့ရဲ့ပုံရိပ်ကို ပျက်စီးစေတယ်။ ဒါကြောင့်မို့လို့ အခု ပထမဦးဆုံး Plan A ကတော့ မြေလွတ်၊ မြေလပ်၊ မြေရိုင်းကို ပို့ခဲ့တဲ့ဟာတွေ။ ကျွန်တော်ထင်တယ် ဧက(၃)သန်းလောက်ရှိတယ်။ အဲဒီဖယ်တဲ့ Plan Aကို အမိန့်ပေးလိုက်ပါပြီ။ ဒါ သောကြာနေ့က ပြီးပါပြီ။ ဒါက ကျွန်တော်တို့ဗဟို မြေလွတ်၊ မြေလပ်၊ မြေရိုင်း စီမံခန့်ခွဲရေးအနေနဲ့ အဲဒီ Order ထုတ်လိုက်ပြီဖြစ်ပါတယ်။ အရန်သင့်လည်းရှိနေပါပြီ။ ကျွန်တော်တို့ဆီမှာ စာရင်းရှိပြီးပါပြီ။ သက်ဆိုင်ရာ တိုင်းနဲ့ ပြည်နယ်ဒေသကြီးများက တင်ပြတာတွေ လုပ်ပါမယ်။

ဒုတိယဦးမင်းဦး မေးတဲ့မေးခွန်းကိုဖြေဖို့ရာအတွက် ဥပဒေနဲ့အညီဆောင်ရွက်ဖို့ရာတော့ ကျွန်တော်ဥပဒေပြင်တာ စောင့်ပါဦးမယ်။ ဒီလွှတ်တော်မှာ သေချာပြင်ပါ။ ဥပဒေပြုရေးအာဏာဟာ လွှတ်တော်ရဲ့ အဓိကအသက်ပါ။ ရှိပြီးသား ဥပဒေတွေဟာ ကြောင်းကျိုးမညီညွတ်လို့ Consistent မဖြစ်ခဲ့ရင် အများပြည်သူအတွက် ဖြစ်ပါတယ်။ နောက် အခုတွေ့ကြုံရတဲ့ ပြဿနာပေါင်း မြောက်မြားစွာဟာ ဥပဒေလိုက်နာမှုမရှိတဲ့ပြဿနာတွေ ဖြစ်ပါတယ်။ အဲဒါနဲ့ပတ်သက်ပြီးတော့ ကျွန်တော့်ဆီကို မေးခွန်းလှလှလေး တစ်ခုရောက်လာပါတယ်။ အဲဒီဟာလည်းနောက်တစ်ချိန်မှာ ကျွန်တော် လာဖြေပါမယ်။ အဲဒီအချိန်ကျရင်နော်။ မေးခွန်းလှလှလေးတစ်ခုရှိတယ်။ ကိုယ်ကိုယ်တိုင်က ဥပဒေအကြောင်းကို နားမလည်တဲ့အတွက် ကျွန်တော်က ပညာရေးဌာနမှာ လုပ်ခဲ့တဲ့အတွက် ကျွန်တော့်မှာ Function နည်းတစ်ခုရှိတာက Lawပါမောက္ခတွေ အကုန်လုံး ကျွန်တော့်ရဲ့တပည့်ဖြစ်ခဲ့ပါတယ်။

ကျွန်တော်သွားခဲ့တဲ့ဌာနတွေမှာ၊ ကျွန်တော် အမြဲတမ်း ဥပဒေအကြောင်းနဲ့ပတ်သက်ရင် သူတို့ဆီ အကြံဉာဏ်တောင်းပါတယ်။ အဲဒီရတဲ့ အကြံဉာဏ်တွေနဲ့ အခု ဥပဒေရေးရာတင်ကြတဲ့ ဟာတွေကိုလည်း ကျွန်တော်ယူတယ်။ သူတို့ဆီက အကြံဉာဏ်တွေကိုလည်း ယူတယ်။ ဥပဒေကို တည်ဆောက်မယ့် ဒီလွှတ်တော်ကြီး ကနေပြီးတော့ ခိုင်ခိုင်ခံ့ခံ့နဲ့ တည်ဆောက်ပေးတဲ့အချိန်မှာ ဒီ ဥပဒေအတိုင်းပဲ အရေးယူဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ဒါဟာ ကျွန်တော်တို့ ဝန်ကြီးဌာနရဲ့ လက်ရှိ ဆောင်ရွက်နေတဲ့အစီအစဉ် ဖြစ်ပါတယ်။ မြေလွတ်၊ မြေလပ်၊ မြေရိုင်းနဲ့ ပတ်သက်လို့ကတော့ ကျွန်တော်တို့ Plan A က ပြန်လည်ပြီးတော့ အသုံးမချတာတွေကို သိမ်းဆည်းဖို့၊ နောက်ပြီးတော့ Plan B မှာတော့ ဆရာတို့ စောစောကပြောတဲ့ Question တစ်ခုမှာ ပါ ပါတယ်။ ဒါတွေက ဘယ်လိုချမလဲ ဆိုတာတွေကို ကျွန်တော်တို့အစိုးရအဖွဲ့အနေနဲ့ ဆောင်ရွက်ပြီးတော့သွားမယ်ဆိုတဲ့အကြောင်း တင်ပြ ရင်းနဲ့ပဲ နိဂုံးချုပ်ပါတယ်။ ကျွန်တော်တို့ တစ်ခုလေး Request လုပ်ချင်တာကတော့ ကျွန်တော်တို့ရဲ့ ဥပဒေပြင်ဆင်ချက်ကြီးရောက်လာရင် ဥပဒေပြုရေးကို တာဝန်ယူထားတဲ့ လွှတ်တော်ကြီးအနေနဲ့ ဝိုင်းဝန်းပူးပေါင်းပြီးတော့ ခိုင်ခိုင်ခံ့ခံ့ အားနည်းချက်၊ အားသာချက်တွေကို ပြုပြင်ပေးပါလို့ ပြောကြား ရင်းနဲ့ နိဂုံးချုပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**အချိန်၊ ၁၁း၁၀။**

**ဒေါက်တာကျော်သန်းထွန်း(ကန်တုန်)၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)။** ။ ဝန်ကြီးပြင်ဦးလွင်ဒေသကို လုပ်ငန်းကိစ္စများနဲ့ ရောက်ဖူးပြီးပါပြီလားဆိုတာကို မေးမြန်းချင်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၁း၁၀။**

**ဒေါက်တာအောင်သူ (ပြည်ထောင်စုဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဌာန)။** ။ ဖြေပါ့မယ်။ လုပ်ငန်းကိစ္စနဲ့ပတ်သက်ပြီး ကျွန်တော် ပြင်ဦးလွင်ကို မရောက်ဖူးပါဘူး။ ကျွန်တော် အဲဒီလောက်ကြီး နောက်ပိုင်းအခုလုပ်နေတဲ့ကာလအတွင်းမှာ ကိုယ့်ရဲ့တာဝန် ထမ်းဆောင် တဲ့အတိုင်းအတာဟာ အလွန်အင်မတန် များပြားပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့ အခု ဝန်ကြီးဌာန အနေနဲ့ Policy တွေ ဆွဲပြီးတဲ့အခါမှာ ဒီလို Case ဖြစ်တိုင်း ဖြစ်တိုင်း ဖြစ်တဲ့နေရာ ဒီလိုမ ရှင်းလင်းလို့ မေးရင် ကျွန်တော်ကိုယ်တိုင် သွားရောက်ကြည့်ပေးပါမယ်။ ဒါကတော့ ကျွန်တော် ပြောပြတာပါ။ ကျွန်တော်တို့က Case ဖြစ်မှ ကြည့်လို့ရတာပါ။ ဝန်ကြီးတစ်ယောက် ထွက်သွားကြည့်ရင် ကျွန်တော့်ရဲ့ Responsibility ဟာ ဘာမှလုပ်စရာ မရှိတော့ပါဘူး။ ကျွန်တော် နယ်လှည့်တဲ့တာဝန်ကို ယူထားတာ မဟုတ်တဲ့အတွက် ဖြစ်ပါတယ်။ မရောက်ဖူးပါဘူးခင်ဗျား။

ပိုင်ဆိုင်မှုနဲ့ပတ်သက်လို့ တင်ပြချက်သည် ကျွန်တော့်ဆီမှာရှိတဲ့ သက်ဆိုင်ရာဌာန အဖွဲ့အစည်းများကို သေသေချာချာ စိစစ်ပြီးတော့ သူတို့တစ်တွေကို ဆောင်ရွက်ပြီး တင်ပြပါလို့ ပြောတာဖြစ်ပါတယ်။ ဒါနဲ့ပတ်သက်လို့ ဒီကိုမလာမီကတည်းက ကျွန်တော်ပြောပြချင်တဲ့ မှာကြားစရာ တစ်ခု ရှိပါတယ်။ ဒါကဘာလဲဆိုရင် အုပ်ချုပ်ရေးလုပ်ငန်းအားမနည်းဖို့ ဖြစ်ပါတယ်။ အားမနည်းဖို့ရာ အတွက် ကျွန်တော့်ရဲ့ ဝန်ထမ်းအသီးသီးဟာ ဒါတွေကို ကျွန်တော်တို့က လွှတ်တော်မေးခွန်းကို ဖြေတိုင်း ဖြေတိုင်း ဝန်ကြီးကတော့ သွားမကြည့်နိုင်ဘူး။ ဒါကတော့ သေချာတယ်။ ဝန်ကြီးက

သွားကြည့်ပြီးမှ ဒါတွေကို တင်တဲ့လုပ်ငန်း၊ ဝန်ကြီးအဆင့်တို့ ပြည်ထောင်စုဝန်ကြီးတစ်ယောက်က သွားမလုပ်နိုင်ဘူး သေချာတယ်။ ဒါပေမဲ့ ပြဿနာဖြစ်တယ်ဆိုရင်တော့ သွားကြည့်ပေးပါမယ်။ သေချာပေါက် သွားကြည့်ပေးပါမယ်။ ရာဇဝင်ကြောင်းကိုလည်း အခုလိုမေးမြန်းတဲ့သူက သေသေချာချာ မေးတဲ့အတွက် ကျွန်တော် သေသေချာချာ စိစစ်ပြီးတော့ ကိုယ်ကိုယ်တိုင် မျက်ဝါးထင်ထင် ကြည့်ပေးပါမယ်လို့တော့ ကျွန်တော်ပြောပါမယ်။

ဒုတိယအဆင့်အနေနဲ့ ပြောချင်တာက ဒီကောင်တွေရဲ့ ပိုင်ဆိုင်မှုဟာ ကျွန်တော့်ရဲ့ တင်ပြချက်တွေ ဖြစ်တဲ့အတွက် ကျွန်တော်ရဲ့ အုပ်ချုပ်ရေး အားမနည်းအောင် ဆောင်ရွက်မယ့် အစီအစဉ်ကတော့ တာဝန်ပေးခံလိုက်ရတဲ့ ဒါနဲ့သက်ဆိုင်တဲ့ ဝါနဲ့ပိုးချည်ဆို ဝါနဲ့ပိုးချည်တို့ သက်ဆိုင်တဲ့သူသည် အာမခံချက် ရှိရပါမယ်။ အာမခံချက်မရှိရင် ကျွန်တော့်ဝန်ထမ်းကို အရေးယူပါမယ်။ ကျွန်တော်က သူ့ကိုတာဝန်ပေးပြီး ခိုင်းစေတာဖြစ်ပါတယ်။ တာဝန်ကို ကျေပွန်စွာထမ်းဆောင်တယ်။ ဒါဟာ ကျွန်တော့်ဝန်ကြီးဌာနမှာ ဆက်လက်ကျင့်သုံးမယ့်စနစ်ပါ။ ဒီမလာမီကတည်းက ကျွန်တော်တွေးထားတဲ့ အချက်တွေ ဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ဒီအချက်အလက်တွေကို ကျွန်တော်တို့ ရရှိခြင်းသည် ဝန်ကြီးကို ကိုယ်တိုင်သွားကြည့်တာ မဟုတ်ပါဘူး။ တင်ပြတဲ့တင်ပြချက်တွေကို ယူရတာ ဖြစ်တဲ့အတွက် အထပ်ထပ်အခါခါတော့ စစ်တယ်။ ဒါပေမဲ့ ဒီမေးခွန်းကို ဖြေဖို့ရာအတွက် ဒီမှာ လွှတ်တော်ကို လာဖြေတဲ့မေးခွန်းတိုင်းကို အပေါက်စိအောင် မေးပါတယ်။ ဒီမှာရှိတဲ့ ငှားရမ်းတာတွေ ပါ ပါသေးတယ်။ အချိန်ကုန်မှာစိုးလို့ ကျွန်တော်ဒီမှာ အသေးစိတ် ဇယားတွေလည်းပါတယ်။ ဘယ်သူကို ဘယ်အချိန်မှာ ငှားရမ်းတယ်။ ဘာတွေဖြစ်တယ်။ ဘာတွေသိမ်းတယ်။ စုစုပေါင်း ဧကပေါင်း ဘယ်လောက်ရှိတယ်။ ဒါတွေကို မေးဖို့လည်းလိုပါတယ်။

နောက်တစ်ချက်ပြောချင်တာ ကျွန်တော်တို့ဖက်တင်မဟုတ်ပါဘူး။ ကျွန်တော်တို့ လာဖြေရတိုင်း၊ ဖြေရတိုင်း တိကျတဲ့မေးခွန်းများကို ဖြေဖို့လိုပါတယ်။ ကျွန်တော်တို့ကို တိကျတဲ့မေးခွန်းတွေ ပေးရင် ကျွန်တော်တို့ရဲ့ တာဝန်ထမ်းဆောင်ချိန်ကို ပိုမိုမြှင့်တင်ပြီးတော့ ဆောင်ရွက်နိုင်မှာ ဖြစ်ပါတယ်။ မတိကျ မရေရာတဲ့ မေးခွန်းတွေကို ကျွန်တော်တို့ ဖြေရတဲ့အချိန်မျိုးမှာ ကျွန်တော်တို့မှာ အနှောင့်အယှက်ဖြစ်ပါတယ်။ တိတိကျကျနဲ့ မေးပါ။ တိတိကျကျနဲ့ ဖြေပါမယ်။ တိတိကျကျလည်း အရေးယူပါ့မယ်။ ကျွန်တော်ပြောချင်တာ အဲ့ဒါပါပဲ။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန် အစည်းအဝေး ပဉ္စမနေ့ ရပ်နားကြောင်းနှင့် ဆဋ္ဌမနေ့ အစည်းအဝေးဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း**

**အချိန်၊ ၁၁း၁၃။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၆) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု ဒုတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး ပဉ္စမနေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကို ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ ၂၃ ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[ဒုတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး ပဉ္စမနေ့ကို ၁၁း၁၃ နာရီအချိန်တွင် ရပ်နားပါသည်။]